The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကိုအခြေခံ

စီးပွားရေးသတင်းဂျာနယ်

VOL. 24, NO. 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 3, 2024

# သဘာဝအခြေခံ ကွမ်းသီးဖတ် ပန်းကန်ပြား

စာမျက်နှာ - 22 ➤




## ဖန်တီးတီထွင် လက်မှုပညာပင် ဗေဒါရိုးဖြင့် အလှဆင်

စာမျက်နှာ - 3 ➤

## ပို့ကုန်တင်ပို့ခြင်း၏ ကောင်းကျိုးများ

စာမျက်နှာ - 10 ➤




## စီကျူရီ တိုက်ဇေးရှင်း နည်းစနစ်

စာမျက်နှာ - 29 ➤



# ဝါးတန်းဆန်စပါးကုန်စည်ဒိုင်


## ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၄ ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်နေသော ပြည်တွင်း ဆန်တစ်အိတ်ဈေးနှုန်း နှိုင်းယှဉ်ချက်

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပေါ်ဆန်းဆန်တစ်အိတ်ဈေးနှုန်းမှာ ကျပ် ၁၀၀၀၀၀ မှ ဇွန်လတွင် ကျပ် ၁၂၈၀၀၀ ခွံနီဆန်တစ်အိတ်ဈေးနှုန်းမှာ ဖေဖော်ဝါရီလတွင် ကျပ် ၉၃၀၀၀ မှ ဇွန်လတွင် ကျပ် ၁၀၅၀၀၀၊ ဧည့်မထဆန် တစ်အိတ်ဈေးနှုန်း ဇန်နဝါရီလတွင် ကျပ် ၇၂၀၀၀ မှ ဇွန်လတွင် ကျပ် ၈၀၀၀၀၊ ငစိန်ဆန်တစ်အိတ်ဈေးနှုန်း ဇန်နဝါရီလတွင် ကျပ် ၆၈၀၀၀ မှ ဇွန်လတွင် ကျပ် ၇၃၀၀၀ ဈေးအနည်းငယ်တက်သွားကြောင်း သိရသည်။

**ဇာစ်မြစ်။ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၏ ၁-၆-၂၀၂၄ ရက်တွင်ဖြစ်ပေါ်နေသည့် ဆန်ဈေးနှုန်းများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

ရေတွက်ပုံ- အိတ်/ကျပ်

| စဉ် | | ပေါ်ဆန်း | ခွံနီရှယ် | ဧည့်မထ | ငစိန် |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီ | ၁၀၀၀၀၀ | | ၇၂၀၀၀ | ၆၈၀၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁၁၀၀၀၀ | ၉၃၀၀၀ | ၈၄၀၀၀ | ၇၀၀၀၀ |
| ၃ | မတ် | ၁၁၀၀၀၀ | ၉၃၀၀၀ | ၈၄၀၀၀ | ၇၀၀၀၀ |
| ၄ | ဧပြီ | ၁၁၀၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ | ၇၂၀၀၀ |
| ၅ | မေ | ၁၁၀၀၀၀ | ၉၃၀၀၀ | ၇၈၀၀၀ | ၇၂၀၀၀ |
| ၆ | ဇွန် | ၁၂၈၀၀၀ | ၁၀၅၀၀၀ | ၈၀၀၀၀ | ၇၃၀၀၀ |





# ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း

## မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၂၀၂၄ ခုနှစ် လအလိုက် ဖြစ်ပေါ်နေသော ရော်ဘာပြည်ပပို့ကုန် တစ်တန်ဈေးနှုန်း နှိုင်းယှဉ်ချက်

ရေတွက်ပုံ-တန်/ ကျပ်

| | RSS-1 | RSS-2 | RSS -3 | RSS -4 | RSS-5 |
|---|---|---|---|---|---|
| ဇန်နဝါရီ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ | ၁၃၀၀ |
| ဖေဖော်ဝါရီ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| မတ် | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| ဧပြီ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| မေ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| ဇွန် | ၁၆၅၀ | ၁၆၀၀ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ |




ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၂၀၂၄ ခုနှစ်၊ လအလိုက်ဖြစ်ပေါ်နေသော ပြည်ပရော်ဘာကာလတူဈေးနှုန်းများနှိုင်းယှဉ်ရာတွင် RSS-1 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၅၀၀ မှ ဇွန်လတွင် ဒေါ်လာ ၁၆၅၀၊ RSS -2 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၄၅၀ မှ ဇွန်လတွင် ဒေါ်လာ ၁၆၀၀၊ RSS-3 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၄၀၀ မှ ဇွန်လတွင် ဒေါ်လာ ၁၅၅၀၊ RSS -4 တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၃၅၀ မှ ဇွန်လတွင် ဒေါ်လာ ၁၅၀၀၊ RSS -5 တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၃၀၀ မှ ဇွန်လတွင် ဒေါ်လာ ၁၄၅၀ ဈေးအသီးသီး တက်သွားကြောင်း တွေ့ရှိရသည်။

**ဇာစ်မြစ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၁-၆-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ရော်ဘာများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

# ရွှေဘိုမြို့၏ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ

ရွှေဘိုမြို့၌ ရောင်းချလျက်ရှိသော ဓာတ်မြေဩဇာ ဈေးနှုန်းများမှာ အာမို၊ ကျွဲနက်တံဆိပ် (15:15:15)ကွန်ပေါင်းဓာတ်မြေဩဇာ 50kgတစ်အိတ်လျှင် ကျပ် ၁၅၄၀၀၀၊ MC တံဆိပ် (15:15:15)ကွန်ပေါင်းဓာတ်မြေဩဇာ 50kgတစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ဇာမဏီတံဆိပ် (13:5:7) ကွန်ပေါင်းဓာတ်မြေဩဇာ 50kgတစ်အိတ်လျှင် ကျပ် ၆၉၀၀၀၊ အာမို၊ ပုလဲတံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၈၁၀၀၀၊ ပန်းဖူးတံဆိပ် ဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၇၂၀၀၀ ဖြစ်ပြီး ပိုးသတ်ဆေးဈေးနှုန်းများမှာ ရှောင်လင်တံဆိပ် ထိသေ/စားသေ (အဆိပ်ငွေ့) 1Liter တစ်ဘူးလျှင် ကျပ် ၁၃၀၀၀၊ ဒီမွန် ၁. ၈တံဆိပ် ထိသေ / စားသေ (အဆိပ်ငွေ့) 500cc တစ်ဘူးလျှင် ကျပ် ၁၅၀၀၀၊ ငှက်ကြီးတောင်တံဆိပ် ထိသေ/ စားသေ(အဆိပ်ငွေ့) 250cc တစ်ဘူးလျှင် ကျပ် ၄၃၅၀၀၊ ဇိုင်ကလုံးတံဆိပ် ပင်လုံးပြန့် 250cc တစ်ဘူးလျှင် ကျပ် ၁၄၅၀၀ ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများမှာ မေလ၊ ဒုတိယအပတ်မှစတင်၍ စတုတ္ထပတ်ထိ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေကြောင်း၊ ယခုတစ်ပတ်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများမှာ ရောင်းအားကောင်းသော်လည်း ကုမ္ပဏီမှ ပစ္စည်းလိုသလောက်မပို့နိုင်၍ အလှည့်ကျဖြင့်သာယူရကြောင်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များမှ သိရသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**


# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ခုနှစ် နှင့် ၂၀၂၄ခုနှစ် မေလ ၃၁ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၃၃၅၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၄၁၀၀၀၀ သို့ လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၅၃၁၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၁၄၃၄၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၉၃၅၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၄၅၀၀၀၀ သို့ လည်းကောင်း၊ ကုလားပဲအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၇၅၅၈၀၀ မှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၈၅၉၉၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။ လက်ရှိတွင် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒကို ၂၀၂၅ခုနှစ်၊ မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ခုနှစ်တို့၏ မေလ ၃၁ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

SWTun(Domestic YGN TC)



# ဗန်တီးတီထွင် လက်မှုပညာပင် ဗေဒါရိုးဖြင့် အလှဆင်



ဗေဒါပင်သည် အရွက်စိမ်းစိမ်းထူထူ၊ ရိုးတံပွပွရှိပြီး ခရမ်းရောင်ဖျော့ဖျော့မှ ရင့်ရင့်အထိ အရောင်ရှိသည့် ပန်းကလေးများပွင့်သည်။ ဗေဒါပင်သည် ရေထဲတွင် ပေါက်ရောက်ကာ ရေကို သန့်စင်ပေးသည်။ ရေပေါ်တွင် ပေါ်နိုင်ပြီး အရိုးတံမှ လေအိတ်ကလေးများကဲ့သို့ ထူထူဝိုင်းဝိုင်း အရွက်ကလေးများရှိပြီး အရောင်မှာ အစိမ်းရောင်ဖြစ်သည်။ အာရှနိုင်ငံအများစုတွင် ပေါက်ရောက်လေ့ရှိပြီး အများအားဖြင့် အလေ့ကျပေါက်ရောက်သည်။

### ဗေဒါပေါက်ရောက်ရာဒေသ

ဗေဒါပင်များသည် အစုလိုက်အပြုံလိုက် ပေါက်ရောက်လေ့ရှိပြီး အများအားဖြင့် မြန်မာနိုင်ငံ အနှံ့အပြား၌ ရေငြိမ်သော အင်း၊ အိုင်၊ ချောင်း၊ မြောင်းများတွင် အများဆုံး ပေါက်ရောက်သည်။

### ဗေဒါပင် စတင်ဆွတ်ခူးခြင်း

ဗေဒါပင်များကို သီတင်းကျွတ်လ ပထမတစ်ပတ်တွင် စတင်ဆွတ်ခူးနိုင်သည်။ အရှည် တစ်တောင်အထက်ရှိသော ဗေဒါပင်ရိုးများကို ထိပ်မှအရွက်ကိုဖြတ်ကာ အရင်းမှ အမြစ်ကိုဖြတ်ပြီး ဆွတ်ခူးရသည်။ တစ်ပင်ချင်းကို ခွာယူ၍ လက်ထဲတွင် အပင် ၁၀ ပင်ခန့် စုယူပြီးမှ ထိပ်နှင့်အရင်းကို ဖြတ်တောက်ယူရသည်။ သို့ရာတွင် ဆွတ်ခူးပြီးသော ဗေဒါရိုး အစိမ်းများကို သုံးရက်ထက်ပို၍ စုပုံမထားသင့်ပါ။ ထိုသို့ထားပါက ဗေဒါရိုးများ ပုပ်တတ်သည်။

### ဗေဒါရိုးအစိမ်းများကို အခြောက်လှန်းခြင်း

ဆွတ်ခူးသော ဗေဒါရိုး အစိမ်းများကို သမံတလင်းပေါ် (သို့မဟုတ်) သွပ်ပြားပေါ်တွင် ညီညာစွာဖြန့်၍ နေလှန်းရသည်။ နေလှန်းသည့်အခါ အနည်းဆုံးငါးရက်မှ ခုနစ်ရက်အထိ နေအပူချိန်ပေါ် မူတည်ပြီး မိမိလိုအပ်သော အရောင်အဆင်း မရမချင်း နေလှန်းရသည်။ ဗေဒါရိုးသည် ခြောက်လျှင် အဝါရောင်သမ်းလာသည်။ အကယ်၍ စတင်လှန်းသည့်နေ့မှ သုံးရက်ခန့်ကြာလျှင် အောက်ခြမ်းမှ အစိမ်းရောင်ပျောက်အောင် တစ်ဖက်သို့ လှန်းပေးရသည်။ သို့မှသာ အဝါရောင်သမ်းသော ညီညာသည့် အရောင် အဆင်းကိုရရှိမည်။ အထူးသတိပြုရမည်မှာ ဗေဒါရိုးများ ကျိုးကုန်တတ်၍ နေလှန်းရာတွင် နံနက်ခြောက်နာရီနောက်ပိုင်းတွင် လက်ဖြင့် မကိုင်မိစေရန် အထူးသတိထားရမည်။

### ခြောက်သွေ့နေသော ဗေဒါရိုးများ ထားသိုခြင်း

ခြောက်သွေ့သော ဗေဒါရိုးများကို အပင် ၁၀၀ တစ်စည်း စည်း၍ စတိုခန်းထဲတွင် သေချာစွာသိမ်းဆည်းရသည်။ သတိပြုရန်မှာ စတိုခန်းထဲတွင် သိမ်းဆည်းရာတွင် အောက်၌ ပလတ်စတစ်ခင်းရန် လိုအပ်သည်။ ဘေးနံရံများကိုလည်း ပလတ်စတစ်ကာရန် လိုအပ်သည်။

### ဗေဒါရိုးကျစ်ခြင်း

၁၀၀ ပင်စည်းထားသော ဗေဒါရိုးမှ တစ်ပင်ချင်းကို ယူ၍ ကတ်ကြေးဖြင့် အရင်းအဖျားညှိကာ ညှပ်ရသည်။ ညှပ်ပြီးသော ဗေဒါရိုးကို သုံးပင်လိမ် ကျစ်ဆံမြီးကျစ်ရသည်။ ဗေဒါကျစ်ကြိုးကို တစ်ထုံးလျှင် မီတာ ၃၀ သတ်မှတ်သည်။ ထိုသို့သတ်မှတ်ရခြင်းမှာ ကုန်ချော ထုတ်လုပ်ရာ၌ ခုံတစ်လုံး ပြုလုပ်မည်ဆိုပါက မည်မျှကုန်ကျနိုင်သည်ကို အလွယ်တကူ တွက်ချက်နိုင်ရန်အတွက်ဖြစ်သည်။ ဗေဒါကြိုးထုံးကို ဆိုဒ်သုံးမျိုးခွဲခြားထားသည်။ ကျစ်ကြိုးအကြီးကို B ၊ ကျစ်ကြိုးအလတ်ကို M ၊ ကျစ်ကြိုးအသေးကို S ဟူ၍ ဖြစ်သည်။ ကျစ်ကျိုး B ကို ဧည့်ခန်းသုံးဆက်တီခုံများတွင် အသုံးပြုသည်။ M အမျိုးအစားကျစ်ထုံးကို ထမင်းစားပွဲခုံများ၊ စားပွဲများ၊ ခြေတင်ခုံများတွင် အသုံးပြုသည်။ S အမျိုးအစား ဗေဒါကျစ်ထုံးကို အခန်းအလှဆင် ပစ္စည်းများဖြစ်သော ပန်းအိုး၊ ဗန်း၊ မှန်ပေါင်၊ ပန်းချီကားဘောင်စသည့် အသေးစား လူအသုံးဆောင်ပစ္စည်းများတွင် အသုံးပြုသည်။

### အသုံးဝင်ပုံ

ဗေဒါပင်ကို ယခုအခါ ဘဲစာအဖြစ်သာမက ဗေဒါရိုးကို အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာကြသည်။ မြန်မာ့ယဉ်ကျေးမှု လက်မှုပညာအများအပြားရှိသည့်အနက် တစ်ချိန်က တိရစ္ဆာန်စာအဖြစ် လူသိများခဲ့သည့် ဗေဒါပင်သည် ယခုအခါ တန်ဖိုးကြီး ထုတ်ကုန်အဖြစ် အစားထိုးနေရာယူလာသည်။ ထိုကဲ့သို့ အစားထိုး နေရာယူလာသည်မှာ ၁၀ နှစ်ကျော်ခဲ့ပြီပင်ဖြစ်သည်။ ဗေဒါရိုးမှ လူသုံးကုန်ထုတ်လုပ်ခြင်းကို ၁၉၉၅ ခုနှစ်မှ သဘာဝကုန်ကြမ်းမှ အဆင့်မြင့်တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် စတင်ထုတ်လုပ်လာကြသည်။ ၂၀၀၁ ခုနှစ်တွင် ပြည်တွင်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။ ယခုအခါ ဆန်းသစ်သော လက်ရာကောင်းများနှင့် နိုင်ငံတော်အစိုးရ ပံ့ပိုးကူညီမှုဖြင့် ဒီဇိုင်းပေါင်း ၁၀၀ ကျော်ကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနိုင်ပြီဖြစ်သည်။

စန္ဒာစိုးလွင်

### ဗေဒါရိုးမှ ထုတ်ကုန်များ

ဗေဒါရိုးကိုအသုံးပြု၍ အဖုံးပါခြင်းများ၊ သေတ္တာဖာများ၊ အလှထည့်ခြင်းများ၊ အလှခာတ်ပုံဘောင်များ၊ နံရံကပ် ပန်းအလှခြင်းများ၊ စားပွဲများ၊ ကုလားထိုင်များ၊ လက်ကိုင်အိတ်များ၊ ကန်တော့ခြင်းများ ထုတ်လုပ်လျက်ရှိသည်။

### ဈေးနှုန်းဈေးကွက်

ဗေဒါရိုးဖြင့် ပြုလုပ်ထားသော အမျိုးသမီးသုံး အလှကိုင်အိတ်အသေး တစ်လုံးလျှင် ကျပ် ၈၅၀၀ မှ ၁၀၀၀၀၊ အလှဘေးလွယ်အိတ် တစ်လုံးလျှင် ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ၊ ပန်းထိုးလက်ကိုင်အိတ် တစ်လုံးလျှင် ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ ၊ အမျိုးသမီး အလှဖိနပ် တစ်ရန်လျှင် ကျပ် ၁၀၀၀၀ မှ ၁၃၀၀၀၊ ဗေဒါရိုးဖြင့် ပြုလုပ်ထားသော အလှကျောပိုးအိတ် တစ်လုံးလျှင် ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ကူညီဆောင်ရွက်လျက်ရှိပြီး ကုန်စည်ပြပွဲများ ကျင်းပခြင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းများ ကျင်းပခြင်း၊ နည်းပညာများ လွှဲပြောင်းပေးခြင်း၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲနှင့်ပြပွဲများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ သုံးစွဲခွင့် MSME မှတ်ပုံတင်ခြင်း၊ လုပ်ငန်းလမ်းညွှန်အကြံပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း MSME များသည် နိုင်ငံ့စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြီးပွားတိုးတက်လာပါက နိုင်ငံစီးပွားရေးမှာလည်း မြင့်မားလာမည်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရလျှင် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ပြည်သူများ အလုပ်လက်မဲ့ဖြစ်ပေါ်မှုကို လျှော့ချပေးနိုင်သည့်အပြင် မိသားစု တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်လေးများကို လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ၊ ထိုမှတစ်ဆင့် မိမိတို့ ထုတ်ကုန်များအပေါ် အရည်အသွေး မြှင့်တင်ပြီး ပြည်ပနိုင်ငံများသို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် အသေးစားမှသည် အလတ်စား စီးပွားရေးလုပ်ငန်းဆီသို့ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပေသည်။



Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
ခင်သက်ထား
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ညီညီအောင်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်စျေးနှုန်းနှင့် စီးဝင်မှု အခြေအနေ

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားရလောက်အောင် ဆီထွက်သီးနှံ နှမ်း၊ မြေပဲတို့အား အဓိက စိုက်ပျိုးကြသော်လည်း စပါးကို ဆည်ရေရရှိသည့် တောင်တွင်း၊ မြို့သစ်နှင့် မြစ်အနောက်ဘက်ရှိ ပွင့်ဖြူနှင့် စလင်းမြို့များတွင်သာ အများအပြား စိုက်ပျိုးကြသည်။ ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိကစိုက်ပျိုးကြပြီး မေလ စတုတ္ထပတ်အတွင်း စပါးစျေးနှုန်းများမှာ ဧရာပဒေသာတစ်တင်းလျှင် ကျပ် ၃၈၀၀၀-၃၉၀၀၀၊ မနောသုခတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြစ်ပြီး ဆန်စျေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ၂၄ ပြည် တစ်အိတ်လျှင် ကျပ်၁၇၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၆၇၀၀၀၊ မနောသုခ ကျပ် ၁၁၀၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၇၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၂၀၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၇၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၂၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ ရတနာတိုး ကျပ် ၈၀၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၇၂၈၀၀၊ ဧရာပဒေသာ ကျပ် ၁၇၀၀၀၀၊ မနောသုခ ကျပ် ၉၅၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၅၀၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၈၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၇၀၀၀၀၊ မနောသုခ ကျပ် ၁၁၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ဆန်စျေးနှုန်းမှာ စျေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ မေ ၁ ရက်မှ ၂၄ ရက်အတွင်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၂၂၉၆၃ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်အိတ် ၈၉၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၇၂၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ် ၁၃၀၀၊ စုစုပေါင်း ဆန်အိတ် ၂၅၈၇၃ အိတ်၊ ၁၂၉၃ ဒသမ ၆၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်စျေးနှုန်းများအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦး၊ ကသာခရိုင်(အင်းတော်မြို့နယ်) နှင့် မုံရွာခရိုင်များအနေဖြင့် စပါး၊ ဆန် စျေးနှုန်းများမှာ ယခင်ပတ်များအတိုင်း စျေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မေလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်စျေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၄၃၀၀၀၀၀၊ ပေါ်ဆန်းဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ရွှေဘိုဧရာမင်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၃၀၀၀၀၀၊ ဧရာမင်းဆန် (သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၄၃၀၀၀၀၀၊ ပေါ်ဆန်းဆန် (သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ရွှေဘိုဧရာမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၃၀၀၀၀၀၊ ဧရာမင်း (ဆန်)(သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထစပါး (သစ်) တင်း ၁၀၀ လျှင် ၂၆၅၀၀၀၀၊ ဧည့်မထဆန် (သစ်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ ငစိန်စပါး(သစ်)တင်း ၁၀၀ လျှင် ၂၄၅၀၀၀၀၊ ငစိန်ဆန်(သစ်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ဧရာမင်း စပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ဧရာမင်းဆန်(သစ်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ ဆင်းကေရီ(၃)စပါး (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၅၀၀၀၀၊ ဆင်းကေရီ-၃ ဆန် (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ဧရာမင်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း ဆန်(သစ်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်းစပါး (သစ်)တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်းဆန်(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ရွှေဘိုပေါ်ဆန်းစပါး (သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၈၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ မနောသုခစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ မနောသုခ ဆန်(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၈၀၀၀၊ ရွှေဝါထွန်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ရွှေဝါထွန်းဆန်(သစ်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ရွှေသွယ်ရင် စပါး (သစ်)တင်း ၁၀၀ လျှင်ကျပ် ၂၆၀၀၀၀၀၊ ရွှေသွယ်ရင်ဆန် (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ငစိန် စပါး (သစ်)တင်း ၁၀၀ လျှင်ကျပ် ၂၂၀၀၀၀၀၊ ငစိန်ဆန်(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**ခင်မို့မို့ငြိမ်း (မုံရွာ)**

# မေလအတွင်း ဆန်နှင့် ဆန်ကွဲတန်ချိန် တစ်သိန်းရှစ်သောင်းကျော် တင်ပို့

**ဆန်**

မေ ၁ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ ၆၉ ဒသမ ၇၀၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၂၁၀၀၀ ကျော် တင်ပို့ကြောင်း သိရသည်။ ဆန်တင်ပို့မှုများအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၃၇၁၀၀ ကျော်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၆၃၃၄၀ ကျော်၊ အာဖရိကနိုင်ငံများ ဆန်တန်ချိန် ၂၀၅၈၀ တင်ပို့သည်။

ဆန်အများဆုံးတင်ပို့သော အီးယူအဖွဲ့ဝင်နိုင်ငံများမှာ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၆၄၇၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၃၃၅၀ တန် ၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၃၅၀၊ ချက်ဇ်နိုင်ငံသို့ ဆန်တန်ချိန် ၁၄၇၈ တန်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၅၀၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန် ၅၇၅ တန်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၁၀၄ တန်၊ ဟန်ဂေရီနိုင်ငံသို့ ဆန် ၁၂၅ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန် ၁၂၅ တန်၊ ခရိုအေးရှားနိုင်ငံ၊ လစ်ဗျားနိုင်ငံနှင့် ဆလိုဗေးနီးယားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့သည်။

အာရှနိုင်ငံများသို့ ဆန်တင်ပို့မှုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၆၀၄၅၀ ၊ မလေးရှားနိုင်ငံသို့ ဆန် ၁၃၇၅ တန်၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၇၈၀၊ ထိုင်ဝမ်သို့ ဆန်တန်ချိန် ၂၅၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၂၁၀၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀ ကျော်နှင့် ဆောဒီအာရေဗျနိုင်ငံသို့ ဆန် ၁၂၅ တန်တင်ပို့သည်။

အာဖရိကနိုင်ငံများဖြစ်သော အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၂၀၀၀၊ ဘာကီနာဖာဆိုနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၀၊ ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၂၄၅၀၊ တိုဂိုသို့ ဆန်တန်ချိန် ၁၀၀၀ နှင့် ကွန်ဂိုနိုင်ငံသို့ ဆန်တန်ချိန် ၁၃၀ တင်ပို့ကြောင်း သိရသည်။

မေ ၁ရက်မှ ၂၄ ရက်ထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၉ သန်း တန်ဖိုးရှိ ဆန် ၄၀၈ တန် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှုစုစုပေါင်းတန်ချိန် ၁၂၁၄၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၉၃၅ သန်း ရရှိသည်။

**ဆန်ကွဲ**

မေ ၁ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၈၅၇ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၈၈၂၀ ကျော် တင်ပို့ကြောင်း သိရသည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၂၄၀၀ ကျော်၊ အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၃၆၀၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၈၀၀ တင်ပို့သည်။ ဆန်ကွဲတင်ပို့သော အီးယူအဖွဲ့ဝင် နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၇၉၇၀ ကျော်၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၄၇၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၅၀၊ ချက်ဇ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀ နှင့် အမေရိကန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ ကျော် တင်ပို့သည်။ အာရှနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၁၉၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၆၀၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၁၇၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၂၀ နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၁၇၅ တန် တင်ပို့သည်။ အာဖရိကနိုင်ငံများဖြစ်သော အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၄၀ နှင့် ကွန်ဂိုနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၀ တင်ပို့သည်။

မေ ၁ ရက်မှ တတိယပတ်ထိကာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၈၀၂၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၇၉၂ သန်း ရရှိသည်။

**DAAT**

# ပုသိမ်ခရိုင်တွင် ဆန်/စပါးစျေးကွက် စျေးနှုန်း အပြောင်းအလဲဖြစ်

ပုသိမ်ခရိုင် ဆန်စပါးစျေးကွက်တွင် ယခင်ဧပြီလအတွင်း ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတောမြို့နယ်များတွင် ပေါ်ဆန်းစပါး ၄၆ ပေါင် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင် ပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၁၃၅၀၀၀ စျေးပုသိမ်၊ ကန်ကြီးထောင့်မြို့နယ်များတွင် မိုးဧည့်မထစပါး ၄၆ ပေါင် တစ်တင်းလျှင်ကျပ် ၂၁၆၀၀ စျေး ဆန်တစ်အိတ် ကျပ် ၈၉၀၀၀ စျေးနှင့် သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များတွင် မိုးဧည့် မထ စပါး ၄၆ ပေါင် တစ်တင်း ကျပ် ၂၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ် ကျပ် ၈၄၀၀၀-၈၅၀၀၀ စျေးဖြင့် ရောင်းဝယ်လျက်ရှိသည်။

စျေးတန်းနိမ့်၍ လူအများစားသုံးမှုရှိသော နွေစပါး ၄၆ပေါင်တစ်တင်း ကျပ် ၁၇၀၀၀-၁၅၀၀၀ခန့်နှင့် နွေဆန်တစ်အိတ်လျှင် ကျပ် ၇၆၀၀၀-၇၈၀၀၀ စျေးအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒေသတွင်းစားသုံးမှုနှင့် ရန်ကုန်၊ အထက်အညာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း စျေးကွက်မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် နှစ်စဉ် မိုးစပါးစိုက်ဧက ၃၆ သိန်းကျော်နှင့် နွေစပါးစိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးလျက်ရှိပြီး ဒေသတွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည့်ဆန်များကို အခြားတိုင်းဒေသကြီး ပြည်နယ်များသို့လည်း နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိသည့်အပြင် ဆန်စပါးစျေးကွက်ပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်နေသည်။

ယခင် ဧပြီလစျေးနှင့် မေလအတွင်း ပေါ်ဆန်း စပါး/ ဆန်စျေးနှုန်းများ ပြောင်းလဲမှုမရှိဘဲ ပုသိမ်မြို့နယ်တွင် ယခင်လ မိုးဧည့်မထ ဆန် တစ်အိတ် ကျပ် ၈၉၀၀၀ စျေးမှ ယခု မေလတွင် ကျပ် ၈၄၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကျပ် ၅၀၀၀ စျေးကျဆင်းပြီး ကျုံပျော်မြို့နယ်တွင် ဧပြီလက ဧည့်မထဆန်တစ်အိတ် ကျပ် ၈၅၀၀၀ စျေးမှ မေလက ကျပ် ၈၇၀၀၀ စျေးမြင့်တက်၍ ဆန်တစ်အိတ် ကျပ် ၂၀၀၀ စျေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးသတင်းအရ သိရသည်။

**မင်းမင်းဦး(ပသ)**

# Mottama

Trading Co., Ltd.

## Flat & Coil Products


Pre-Painted galvalume steel coils


Hot dipped galvanized steel coils


Cold rolled steel sheets


Hot rolled steel sheets


Hot rolled steel coils


Chequered plates

## Long Products



Steel Sheet piles


H beams


MS Circular hollow sections


GI Hollow Sections


Wire rods


Deformed bars

**Yangon Office** : No. 106, Bayint Naung Rd., Shwe Pyi Thar Industrial Zone 4, Insein Tsp., Yangon, 11411, Myanmar.
09 765 454 314, 013 618432

**Mandalay Office** : No. WaWa-31, 2 (B), 62nd Road, Between A Street & B Street, Nat Yae Kan Village Tract, Amarapura Tsp, Mandalay Region, Myanmar.
09 765 454 304

**Fax** : +95 1 3618434

info@mottamatrading.com
www.mottamatrading.com

# လူတိုင်းကျန်းမာစွာ နေထိုင်နိုင်ဖို့ ဓာတုစားသောက်ကုန်များ ရှောင်ကြဉ်စို့

လူသားများ အသက်ရှင်နေထိုင်နိုင်ရေးအတွက် နေ့စဉ် စားသုံးနေသည့် အစားအစာများတွင် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ကို ရရှိစေသည့် အသားဓာတ် (Protein) အဆီဓာတ်(Fat)၊ ကစီဓာတ် (Carbohydarte) တို့ပါဝင်ပြီး ခန္ဓာကိုယ်ကြီးထွားမှုနှင့် ပြုပြင်မှုတို့အတွက် အသားဓာတ် (Protion)၊ သတ္တုဓာတ် (mineral) ရေ (Water) နှင့် ခန္ဓာကိုယ်ကမ္မဖြစ်စဉ်များအတွက် လိုအပ်သော ဗီတာမင်(Vitemnin) အစရှိသော သဘာဝဓာတုပစ္စည်း (Chemicals) ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ကျန်းမာရေး စာစောင်များတွင် ဖတ်မှတ်ခဲ့ရဖူးသည်။ ထိုကဲ့သို့ လူတို့၏ ခန္ဓာကိုယ် ဇီဝကမ္မဖြစ်စဉ်များကို ထိန်းသိမ်းပေးရန်အတွက် သဘာဝဓာတုပစ္စည်းများဖြစ်သည့် အသားဓာတ်၊ သတ္တုဓာတ်၊ ရေ နှင့် ဗီတာမင်တို့ကို ညီညွတ်မျှတအောင် စားသောက်နေထိုင်မှသာ လူ့ လောကမှာ ကျန်းမာသက်ရှည် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဂရုပြုသင့်သည်မှာ လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုသော ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများသည် ကောက်ပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်များအတွင်းသို့ ရောက်ရှိနိုင်သကဲ့သို့ မွေးမြူရေး တိရစ္ဆာန်များအတွက်သုံးသော ပဋိဇီဝဆေးများသည်လည်း အသား/ငါးများတွင် ပါလာနိုင်ပြီး ထုပ်ပိုးပစ္စည်းများဖြစ်သော ပလတ်စတစ်မှထွက်သည့် ဓာတုပစ္စည်းများသည်လည်း အစားအစာများထဲသို့ ရောက်ရှိလာနိုင်သည်။ စားသုံးသင့်သော မူလအစားအစာပုံစံများကို ကျော်လွန်ပြီး အရောင်၊ အနံ့၊ အရသာ ပိုမိုကောင်းမွန်စေရန်အတွက် ဓာတုပစ္စည်းများကို သုံးစွဲလာခြင်းကြောင့် ၎င်းတို့နှင့်ပတ်သက်သည့် နောက်ဆက်တွဲ ပြဿနာများကိုလည်း သတင်းများတွင် မကြာခဏ တွေ့နေရသည်။ အထူးသဖြင့် အစားအစာကို လုလုပပနှင့် အမျိုးမျိုးပြုလုပ် စားသောက်တတ်သူများသော်လည်း အစားအစာနှင့် ဆက်နွှယ်နေသော ဓာတုပစ္စည်းများ၏ အန္တရာယ်ကို သိသူနည်းပါးလှသည်။ ထို့ကြောင့် အစားအစာများတွင် ပါဝင်နေသော ဓာတုပစ္စည်းအချို့၏ အန္တရာယ်များကို သိရှိနားလည်ပြီး ကာကွယ်ရှောင်ရှားနိုင်ရန်အတွက် ရည်ရွယ်တင်ပြလိုက်ရခြင်းဖြစ်သည်။

တာရှည်ခံ ဓာတုဆေး ကော်ဖီအနံ့နှင့် အုန်းခွံ၊ ပဲနီစေ့ အမှုန့်များတွင်ပါဝင်သော ကော်ဖီမစ်များ၊ အရောင်ချွတ်ထားသော အစားအသောက်များ၊ ဆိုးဆေးများ အသုံးပြုထားသော အစားအသောက်များ၊ ဓာတုဟိုမုန်းဆေးများ အသုံးပြုထားသော မုန်လာဥ၊ ပဲပင်ပေါက်၊ ပိုးသတ်ဆေးပြင်းများသုံးစွဲထားသော ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်၊ မုန်ညင်းထုပ်များတွင် ပိုးသတ်ဆေး အကြွင်းအကျန်များ၊ ဆေးဖျန်း၍ မှည့်အောင်ပြုလုပ်ထားသော အသီးများ၊ ဗီဇပြုပြင်ထားသော အသီးများ၊ ပဲဆီ၊ နှမ်းဆီအတုများ၊ အချဉ်ရည် အသုံးပြုထားသော အကင်များနှင့် အသုပ်စုံများသည် စားသုံးသူများ၏အသက်အန္တရာယ်ကိုခြိမ်း ခြောက်နေသည့် အစားအစာများဖြစ်သည်။ မြန်မာတို့ကြိုက်နှစ်သက်ပြီး ရိုးရာအစားအစာတစ်ခုဖြစ်သည့် မုန့်ဖတ်တွင် ဖော်မလင် ဓာတုပစ္စည်းများကို တွေ့ရှိရသကဲ့သို့ ငါးပိရည်ပြုလုပ်ရာတွင်လည်း ငါးအရိုးဆွေးမြည့်စေရန် ဓာတ်မြေဩဇာများကို ထည့်သွင်းပြုလုပ်တတ်ကြောင်း ဖတ်ရှုလေ့လာရသည်။

လူအများ စားသုံးသည့် မုန့်ဖတ်၊ ပဲပြား၊ နွားနို့နှင့် ချက်နို့ဆီတို့တွင် လူကိုမပုပ်သိုးစေရန်အတွက်ထည့်သော ဖော်မလင်ထည့်ခြင်း၊ အစားအစာများကို မပုပ်မသိုး၊ မဆွေးမြည့်စေဘဲ တာရှည် အထားခံနိုင်စေရန် အမျိုးမျိုးပြုပြင် ဖန်တီးလာကြသည်နှင့်အမျှ ဓာတုပစ္စည်းများ၏ အန္တရာယ်ကြောင့်ဖြစ်ပွားသည့် ရောဂါဘယ ပေါင်းစုံမှာလည်း တစ်နေ့တခြား တိုးပွားလျက်ရှိနေသည်။

ထို့ကြောင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုစားသုံးရာတွင် ဓာတုပစ္စည်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ဂေါ်ဖီထုပ်၊ ပန်းမုန်လာကဲ့သို့ အထပ်ထပ်ပါသော အရွက်များကို စားသုံးမည်ဆိုပါက ၎င်းတို့ကို အိမ်သုံးဆားဖြင့် အချိန်အနည်းငယ်စိမ်၍ ဆေးကြောခြင်း၊ နေ့စဉ်သုံး ဟင်းသီးဟင်းရွက်များကို အစိမ်းစားခြင်းထက် ရေနွေးဖြင့်ပြုတ်၍ စားသုံးခြင်းဖြင့် ပါဝင်နိုင်သော ပိုးသတ်ဆေးဓာတ်ကြွင်းများကို လျှော့ချစေနိုင်သည် ။

ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် မျက်စိဝေဝါးခြင်း၊ ခေါင်းကိုက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ တက်ခြင်း၊ ပျို့အန်ခြင်းတို့ကိုခံစားရစေနိုင်သည်။ စားသောက်ကုန်ပစ္စည်းများကို အလေးချိန်တိုးလာစေရန်အတွက် ပြုလုပ်နည်းများဖြစ်သည်။ ဥပမာအားဖြင့် နွားနို့ကိုရေရောရာတွင် သိပ်သည်းဆများစေရန် ဆားထည့်ခြင်း၊ မျှင်ငါးပိအလေးချိန် တိုးစေရန် ကော်ထည့်ခြင်း၊ တန်ဖိုးကြီးသော ထောပတ် ထဲသို့ တန်ဖိုးနည်းသော ဟင်းသီးဟင်းရွက်ဆီ ခဲရောခြင်း၊ သကြားတွင် ဆေးသကြားရောခြင်း၊ ရှာလကာရည်တွင် အက်စစ်ရောခြင်း၊ လက်ဖက်ခြောက်တွင် အခြားအရွက်ခြောက်များ ရောခြင်းတို့ဖြင့် မူလအလေးချိန်ထက် တိုးပွားအောင် လုပ်ဆောင်ကြသည်။ ထိုဓာတုပစ္စည်းများဖြင့် ရောနှောပြုလုပ်ထားသည့် စားသောက်ကုန်များကို စားသုံးရန်မသင့်ကြောင်း လွန်ခဲ့သည့် ငါးနှစ်ကျော်၊ ခြောက်နှစ်ခန့်ကစားသုံးသူရေးရာဦးစီးဌာနက စားသုံးရန်မသင့်သော အစားအသောက်များ၊ ဓာတုဆေး စားသောက်ကုန်များအား စားသုံးခြင်းမပြုကြရန် စာသင်ကျောင်းများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာမှ ပြည်သူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဌာနဆိုင်ရာများသို့ ကွင်းဆင်းလှည့်လည်ဟောပြောခဲ့သည်မှာ အတော်အတန်ပင် ထိရောက်ခဲ့သည်။

စားသုံးသူများအနေဖြင့်လည်း အရသာကို ဦးစားပေးစားသုံးခြင်းထက် ကျန်းမာရေးကို ဦးစားပေး၍ စားသုံးတတ်သော လူနေမှုဘဝပုံစံကို ကြိုးစားကျင့်ယူရန်လိုအပ်သည်။ လူတိုင်း ကျန်းမာမှ ဘဝတွင်ပျော်ရွှင်စွာ နေထိုင်နိုင်မည်ဖြစ်သောကြောင့် ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ဓာတုစားသောက်ကုန်များအား ရှောင်ကြဉ်ကြစို့ဟု အကြံပြုရေးသားလိုက်ရပါသည်။

**ဇေခိုင် (တောင်ကြီး)**






# ပခုက္ကူမြို့၏ ကုန်ဈေးနှုန်းများ

### ပဲမျိုးစုံ

ပခုက္ကူမြို့နယ်တွင် ပဲမျိုးစုံဖြစ်သော ပဲစင်းငုံနီ၊ ကုလားပဲ အမျိုးမျိုး၊ ပဲယင်းနီ၊ ပဲယင်းဝါများ၊ ပဲနီ၊ ပဲထောပတ်နှင့် အခြားပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယခုတစ်ပတ်တွင် အရောင်းအဝယ်ဖြစ်နေသောပဲများမှာ ပဲစင်းငုံနီ၊ ကုလားပဲဖြူလုံးကြီး၊ ပဲယင်း၊ ထောပတ်ပဲ၊ ပြောင်းဖူးစေ့ (CP)၊ ပဲလွန်းပြာနှင့် နေလဲစေ့များ အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူကုန်စည်ဒိုင်သည် ပခုက္ကူမြို့၏ စီးပွားရေးအချက်အချာကျပြီး ရောင်းဝယ်ဖောက်ကားရာတွင်လည်း နေရာဒေသစုံမှ လာရောက်အရောင်းအဝယ်ဖြစ်နေသည်။

မေလ ပထမပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၂၉၄၀၀ ဖြစ်ပြီး မေလ ဒုတိယပတ်တွင် ပခုက္ကူကုန်စည်ဒိုင်၏ အရောင်းအဝယ်ဖြစ်ခဲ့သော ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀-၁၃၀၂၀၀-၁၃၅၆၀၀၊ မေလတတိယပတ်မှစ၍ ပဲစင်းငုံနီဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်။ မေလ တတိယပတ်၏ ပဲစင်းငုံနီဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၁၃၇၀၀၀၊ မေလ စတုတ္ထပတ်တွင် ကျပ် ၁၄၂၄၀၀ဖြစ်ပြီး မေလ တတိယပတ်နှင့် စတုတ္ထပတ် ဈေးနှုန်းနှိုင်းယှဉ်ပါက ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၅၄၀၀ ဈေးတက်နေကြောင်း၊ မေလ စတုတ္ထပတ် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် နေ့စဉ် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိသည်။ အရောင်းအဝယ်ဖြစ်ခဲ့သော နေ့စဉ်အိတ်ရေမှာ ပဲစင်းငုံ(နီ) ၈၀၀ ထိ၊ မတ်ပဲ အိတ် ၅၀ မှ ၂၅၀ ထိ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



### ရေထွက်ပစ္စည်းများ

ပခုက္ကူမြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသောကြောင့် ငါးအမျိုးမျိုး ရရှိသော်လည်း မြို့နေလူဦးရေများပြားသောကြောင့် မိမိတို့ဒေသထွက်ငါးများဖြင့် မလုံလောက်သဖြင့် မြန်မာပြည်အောက်ပိုင်းရှိ ရန်ကုန်ငါးဒိုင်မှလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူဒေသမှ ထွက်ရှိသောငါးများမှာ ရေမောင်စာ၊ တီလားဗီးယား၊ ငါးကြင်းဖြူ ငါးမြင်း၊ အခြားငါးအမျိုးမျိုးနှင့် ပုစွန်ဆိပ်တို့ဖြစ်သည်။

ပခုက္ကူဒေသထွက်၏ ရေထွက်ပစ္စည်းဖြစ်သော ငါးဈေးနှုန်းများမှာ ရေမောင်စာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ တီလားဗီးယား အကောင်သေး တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ တီလားဗီးယား အကောင်ကြီး တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးမြင်း တစ်ပိဿာလျှင် ကျပ် ၅၇၀၀-၆၀၀၀၊ ငါးခုံးမ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြစ်ပြီး ရန်ကုန်ငါးဒိုင်မှ ဝင်ရောက်သော ငါးကြီးသားဈေးနှုန်းများမှာ ငါးကြင်းဖြူ တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ဟင်းငံ (ငါး) တစ်ပိဿာလျှင် ကျပ် ၈၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ်၇၅၀၀၊ ငါးမုတ်တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငါးကြင်းမျက်ဆံနီ တစ်ပိဿာလျှင် ကျပ် ၆၇၀၀၊ ငါးခြစ် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ တို့ဖြစ်ပြီး နေ့စဉ်ကုန်ချိန် ၂၀၀ မှ ၅၀၀ ဝင်ရောက်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# လက်လီပဲဈေးကွက်၌ ဈေးကောင်းရနေသော နှစ်အလိုက် ပဲဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ယခုနှစ်မှာ ပြည်တွင်းစားသုံးမှုများသော ပဲအများစု၏ ဈေးနှုန်းများ ပြည်ပဝယ်လိုအား ကောင်းသော ပဲများထက်ပင် ဈေးကောင်းရနေသည်ကိုတွေ့ရသည်။

အဆိုပါပဲများမှာ ထောပတ်ပဲ၊ ပဲနီပြား ၊ စားတော်ပဲသီးနှံများဖြစ်ကြခြင်း ပြည်ခရိုင်အတွင်း အဆိုပါပဲများမှာ စိုက်ပျိုးမှုလည်း နည်းသလို ထွက်ရှိမှုလည်း နည်းခဲ့ခြင်းကြောင့် ဈေးကွက်မှာ ပဲပေါ်ချိန်၊ အထွက်လှိုင်ချိန်များတွင်သာ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်ပြီး ယခုလို ပဲအဝင်ပါးချိန်များတွင် လှောင်ပဲလက်ကျန်များဖြင့် လက်လီသမားများ နေ့စဉ်အဝယ်ရှိကြသည့် ပဲများဖြစ်သည်။

ယခင်နှစ်ကတည်းက ပဲဈေးနှုန်းအားလုံး ဈေးကောင်းရလာသလို ထောပတ်ပဲ၊ ပဲနီပြား ၊ စားတော်ပဲသီးနှံများကလည်း ဈေးကောင်းခဲ့ကာ စားတော်ပဲသီးနှံမှာ ပိဿာ ၂၀ တစ်တင်း ကျပ် ၁၄၅၀၀၀ အထိ ဈေးကောင်းရရှိခဲ့သည်ဟု သိရသည်။

ထို့ကြောင့် ယခင်နှစ်က ပဲဈေးကွက်အတွင်း ပြည်တွင်း/ပြည်ပ ဝယ်လက် ပဲများအားလုံးထက် စားတော်ပဲသီးနှံသည် ဈေးအမြင့်ဖြင့် စံချိန်တင်ရရှိခဲ့သည့် သီးနှံဖြစ်ခဲ့သည်။ နှစ်အလိုက် အဆိုပါပဲများ၏ ကာလတူ အချိန်ရရှိခဲ့သော ဈေးနှုန်းများကို အောက်ပါအတိုင်း လေ့လာသိရှိရသည်။

**တစ်တင်း/ကျပ်**

| စဉ် | ပဲအမျိုးအစား | ၂၀၂၁ မေလ | ၂၀၂၂ မေလ | ၂၀၂၃ မေလ | ၂၀၂၄ မေလ |
|---|---|---|---|---|---|
| ၁။ | ထောပတ်ပဲ | ၂၇၀၀၀ | ၄၆၀၀၀ | ၉၀၀၀၀ | ၁၀၅၀၀၀ |
| ၂။ | ပဲနီပြား | ၃၄၀၀၀ | ၅၀၀၀၀ | ၈၃၀၀၀ | ၁၂၀၀၀၀ |
| ၃။ | စားတော်ပဲ | ၅၀၀၀၀ | ၈၅၀၀၀ | ၁၄၅၀၀၀ | ၁၀၀၀၀၀ |

အဆိုပါဈေးနှုန်းများအရ ပဲအားလုံး တစ်နှစ်ထက်တစ်နှစ် ဈေးပိုရလာခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ထောပတ်ပဲသီးနှံသည် ဈေးအနိမ့်ဖြင့်ရခဲ့ရာမှ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ပဲနီပြားဈေးထက် ဈေးပိုရရှိခဲ့သလို ယခုနှစ်တွင် နှစ်စဉ် ဈေးအမြင့်မှာ ရပ်တည်ခဲ့သော စားတော်ပဲသီးနှံထက်လည်း ဈေးပိုခဲ့သည်။

ပဲနီပြားသီးနှံဈေးမှာ နှစ်စဉ် ထောပတ်ပဲသီးနှံဈေးထက် ဈေးပိုခဲ့ကာ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းသာ ထောပတ်ပဲသီးနှံထက် ဈေးအနည်းငယ် လျော့နည်းသွားခဲ့သည်။ ယခုနှစ်မှာ ပဲနီပြားသီးနှံသည် ထောပတ်ပဲထက်လည်း ဈေးပိုသလို စားတော်ပဲသီးနှံ ထက်လည်း ဈေးပိုရခဲ့ခြင်းကြောင့် ပဲဈေးကွက်မှာ ယခုနှစ်အတွင်း ဈေးကောင်းရလျက်ရှိသော ပြည်ပဝယ်လက်၊ မတ်ပဲ၊ ပဲစင်းငုံသီးနှံများနည်းတူ ဈေးနှုန်းများ မြင့်တက်လျက်ရှိခဲ့သည်။

စားတော်ပဲသီးနှံအနေဖြင့် အခြားပဲများအားလုံးနှင့် နှိုင်းယှဉ်လျှင် အခြားပဲများ ဈေးအေးခဲ့သည့် ၂၀၂၁-၂၀၂၂ နှစ်များတွင် ဈေးအမြင့်ဖြင့်သာ ရပ်တည်လျက်ရှိပြီး ပဲတစ်တင်း ကျပ်ငါးသောင်းအောက် လျော့မသွားဘဲ ၂၀၂၂ ခုနှစ်တွင် ဈေးနှုန်းများ ထပ်မံမြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် တစ်တင်းကို ကျပ် ၁၄၅၀၀၀ ဖြင့် ဈေးအမြင့်ဆုံးရနေခဲ့သည်။

သို့သော် ယခုနှစ်တွင် အခြားပဲသီးနှံဈေးနှုန်းများ မြင့်တက်လာသော်လည်း စားတော်ပဲသီးနှံမှာ ဈေးလျော့နေခဲ့ကြောင်း သိရသည်။ အဆိုပါပဲများသည် ယခုကာလ ပဲဈေးကွက်တွင် လက်ကားရောင်းဝယ်မှုထက် လက်လီရောင်းဝယ်မှု ပို၍အဖြစ်များကြောင်း သိရသည်။ **ခင်ဆွေဝင်း(ပြည်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များ၏ ပဲ၊ နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်း၊ ကြက်သွန်နီနှင့် အခြားပဲမျိုးစုံကို အဓိကထားစိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ တောင်တွင်းကြီး၊ အောင်လံ၊ ရေနံချောင်း၊ ဆိပ်ဖြူနှင့် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်း၊ ကြက်သွန်နီနှင့် ပဲမျိုးစုံသီးနှံများ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ မေလ စတုတ္ထပတ်တွင် ကုန်စည်ဒိုင်များတွင် အရောင်းအဝယ်ဖြစ်ပေါ်နေသော ကုန်ပစ္စည်းများ တစ်ပိဿာဈေးနှုန်းများမှာ မကွေးကုန်စည်ဒိုင်တွင် နှမ်းဖြူ ကျပ် ၈၈၃၀-၉၀၇၀၊ နှမ်းနီ ကျပ် ၈၀၀၀၊ နှမ်းနက်(စမုန်) ကျပ် ၉၀၀၀-၉၁၃၀၊ ပဲလွန်ဝါ(ကြီး) ကျပ် ၂၈၉၀-၃၀၅၀ ၊ ကုလားပဲ ကျပ် ၄၁၅၀-၄၂၀၀ ၊ ပဲကြီးဖြူ ကျပ် ၄၂၁၀၊ ပဲထောပတ် ကျပ် ၅၉၀၀၊ မတ်ပဲ ကျပ် ၄၉၀၀-၄၉၅၀၊ ပဲစင်းငုံ (နီ) ကျပ် ၆၉၀၀၊ စားတော်ပဲ ကျပ် ၄၇၅၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကုလားပဲ ကျပ် ၂၀-၁၀၀၊ ပဲစင်းငုံနီ ကျပ် ၃၅၀-၄၀၀ ဈေးမြင့်ခဲ့ပြီး ပဲထောပတ် ကျပ် ၄၂၀ ဈေးကျခဲ့သည်။

တစ်ပတ်အတွင်း တန်ချိန် ၇၂၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရန်ကုန်မြို့သို့ ကုလားပဲအိတ် ၃၀၀၀၊ ပဲကြီးအိတ် ၁၂၀၀၊ မတ်ပဲအိတ် ၆၀၀၊ မန္တလေးမြို့သို့ နှမ်းအိတ် ၁၀၀၀၊ စုစု ပေါင်း အိတ် ၅၈၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးကုန်စည်ဒိုင်တွင် ပဲစင်းငုံ(နီ) ကျပ် ၆၈၅၀-၆၉၅၀၊ ကုလားပဲ(ဝါသေး) ကျပ်၃၉၅၀၊ ကုလားပဲဟော်လန် ကျပ် ၄၀၇၅၊ မြေပဲလုံးဆန်နီ ကျပ်၆၂၀၀၊ မြေပဲလုံးဆန် ဖြူ ကျပ် ၇၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ပဲစင်းငုံနီ ကျပ်၃၂၀-၃၅၀၊ ကုလားပဲ(ဝါသေး) ကျပ် ၅၀၊ ကုလားပဲဟော်လန် ကျပ် ၂၅-၅၀၊ မြေပဲလုံးဆန်ဖြူ ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မြေပဲလုံးဆန်နီ ကျပ် ၃၀၀ ဈေးကျခဲ့သည်။

အောင်လံကုန်စည်ဒိုင်တွင် နှမ်းဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ ပဲစင်းငုံနီမှာ ကျပ် ၆၈၄၀-၆၉၀၀၊ ကုလားပဲ(မြကြေး) ကျပ် ၄၃၅၀၊ ကုလားပဲ(ဟော်လန်) ကျပ်၄၁၀၀-၄၁၇၅၊ ပဲကြီး(သစ်) ကျပ် ၄၄၀၀၊ မြေပဲဆီဆန်(ဖြူ) ကျပ် ၆၉၀၀-၆၉၅၀၊ မတ်ပဲ ၅၀၇၅ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ပဲစင်းငုံနီ ကျပ် ၂၉၀-၃၅၀၊ ကုလားပဲဟော်လန် ကျပ် ၂၅-၅၀၊ ကုလားပဲ(မြကြေး) ကျပ် ၅၀-၁၀၀၊ မတ်ပဲ ကျပ် ၁၅၀၊ မြေပဲလုံးဆန်ဖြူ ကျပ် ၁၅၀-၂၀၀ အသီးသီးဈေးမြင့်ခဲ့သည်။ တစ်ပတ်အတွင်း တန်ချိန် ၁၃၉ ဒသမ ၄၅ တန်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရေနံချောင်းကုန်စည်ဒိုင်တွင် ကြက်သွန်နီ ကျပ် ၁၈၀၀-၂၂၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တစ်ပတ်အတွင်းတန်ချိန် ၉၇ ဒသမ ၉၇ တန်ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီ(သစ်) ကျပ် ၁၄၀၀-၂၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တစ်ပတ်အတွင်း တန်ချိန် ၄၈ဒသမ၉၈ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲ 929 ကျပ် ၄၁၆၀-၄၁၈၅ ၊ CP ပြောင်း ကျပ် ၁၀၈၀၊ ပဲဇီးကွက် ကျပ် ၂၅၁၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကုလားပဲ 929 ကျပ် ၂၅၊ CP ပြောင်း ကျပ် ၁၀၀၊ ပဲဇီးကွက် ကျပ်၁၁၀ ဈေးနှုန်းမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း တန်ချိန် ၁၇၄ဒသမ၂၉ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ**

## ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၃/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်

**သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိမီ ဆိပ်ကမ်း ၊ လေဆိပ်သို့ ကြိုတင် ရောက်ရှိလာသော ကုန်ပစ္စည်းများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာခြင်း**

၁။ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) ကို ရည်ညွှန်း၍ "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်မရရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါ တင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်" ဟု ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ထို့အပြင် သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရမီ ဆိပ်ကမ်း၊ လေဆိပ်သို့ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိပါက် အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ၅-၄-၂၀၂၂ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၆/၂၀၂၂) ဖြင့်လည်းကောင်း၊ ကုန်သွယ်ရေး ဦးစီးဌာန၏ ၅-၄-၂၀၂၄ ရက်စွဲပါ အသိပေးကြေညာချက်ဖြင့်လည်းကောင်း ထပ်မံအသိပေး ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ သွင်းကုန်လိုင်စင် (ပါမစ်အပါအဝင်) ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များကြိုတင်ရောက်ရှိကြောင်း စိစစ် တွေ့ရှိရပါက အဆိုပါသွင်းကုန်ပစ္စည်းများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

## ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၂ /၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်

**အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းထုတ်ပြန်ခြင်း**

၁။ သွင်းကုန်လိုင်စင် ကြိုတင်ရယူရန်မလိုဘဲ အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု ၁၄ မျိုးစာရင်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၁၆/၂၀၂၃)ဖြင့် အသိ ပေးထုတ်ပြန်ခဲ့ပါသည်။

၂။ လက်ရှိဆောင်ရွက်နေသည့် ကုန်သွယ်မှုလုပ်ငန်းစဉ်များအရ အောက်ဖော်ပြပါကုန်ပစ္စည်းများကိုသာ ကန့်သတ်အရေအတွက်ဖြင့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်-

(က) ဆေးဝါး၊

( ခ ) လျှပ်စစ်သုံးယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊

( ဂ ) စက်မှုကုန်ကြမ်းများနှင့် စက်မှုလုပ်ငန်းသုံးဓာတုကုန်ကြမ်းပစ္စည်းများ၊

(ဃ) စားသောက်ကုန်ကြမ်းများ။

၃။ အထက်အပိုဒ် ၂ ဖော်ပြပါ ကုန်ပစ္စည်းများမှအပ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၆/၂၀၂၃) ဖြင့် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းအုပ်စုများ (HS Code) အား အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားမှုကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့အထိသာ ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

## မြန်မာ့ဆိပ်ကမ်းတွင် ၃၁ .၅ . ၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | BL PL FAITH | ကုန်သေတ္တာ ၃၂၀ တင် ၃၈၂ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၂) | TAYDO STAR | ပြောင်းဖူးတန်ချိန် ၆၁၀၀ တန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | METHI BHUM | ကုန်သေတ္တာ၆၇၅ တင် ၅၈၀ ချဆဲ |
| | ISEACO FORTUNE | ကုန်သေတ္တာ၈၉၃ တင် ၆၅၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | IAL-001 | ကုန်သေတ္တာ ၄၄၀ တင် ၇၉၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ ၈၈၉ တင် ၁၁၃၃ ချဆဲ |
| | SITC CHANGMING | ကုန်သေတ္တာ ၆၆၄တင်၄၉၆ ချရန် (အသင့်စောင့်ဆိုင်းနေဆဲ) |
| | BANGKOK | ကုန်သေတ္တာ ၇၅၀ တင် ၁၁၈၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | COURTESY K | ပြောင်းဖူးတန်ချိန် ၂၀၀၀၀ တင်ဆဲ |
| | VTC OCEAN | ပြောင်းဖူးတန်ချိန် ၁၈၀၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၂) | SS-I | ပြောင်းဖူးတန်ချိန် ၁၅၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | THAI BINH -01 | ဆန်တန်ချိန် ၁၂၅၀၀ တင်ဆဲ |
| Yangon Int'l Gateway Terminal | OCEAN-88 | ဆန်တန်ချိန် ၁၂၅၀၀ တင်ဆဲ |
| | TRUONG MINH STAR | ပြောင်းဖူး တန် ၉၅၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | HPC DREAM | ပြောင်းဖူး တန် ၂၆၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | TORRES STRAIT | ကုန်သေတ္တာ ၈၅၇တင် ၁၀၂၈ချဆဲ |
| | Ti2 APPLE | ကုန်သေတ္တာ၃၀၇တင် ၂၄၉ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | BL PL BLESSING | ကုန်သေတ္တာ ၄၃၀တင် ၄၇၇ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၁) | TOYO HOPE | ဆန်တန်ချိန် ၉၃၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | VTC DRAGON | ပြောင်းဖူးတန် ၂၀၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | MANTA HATICE | ဆန်တန်ချိန် ၂၉၀၀၀တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | PIGMI | ဆန်တန်ချိန်၂၅၀၀၀/ ၂၃၀၈၉Top Up တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | SEA CHAMPION | ဆန်တန်ချိန် ၂၃၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | AN HAI STAR | ဆန်တန်ချိန် ၁၀၆၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | MANALI | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| Myanmar Integrated Port Limited | TUO JIANG | ပြောင်းဖူးတန်ချိန် ၂၆၅၀၀ တန်တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | YU XIAO-7 | Coal တန်ချိန် ၃၀၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၂) | ISEACO FORTUNE | ကုန်သေတ္တာ ၃၆ တင် ၂၄၂ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ASEAN ACE | ကုန်သေတ္တာ ၃၃၆ တင် ၄၀၀ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၃) | SEASTAR TITAN | Steel&Equipment တန်ချိန်၃၁၈၀၀ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၄) | ASIAN HONOR | သကြားတန်ချိန် ၉၅၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၅) | ATN UNITY | ပြောင်းဖူး(Top Up)တန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| WILMAR JETTY | ARBAHAM M | Urea တန်ချိန် ၁၈၀၀၀/၆၂၅၇ (Top Up)ချဆဲ |
| | HT PIONEER | ပြောင်းဖူးတန်ချိန် ၁၁၀၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| | GSM JAYA | ဆန်တန်ချိန် ၉၅၀၀ တန်တင်ရန် |
| TMITဆိပ်ကမ်းအမှတ်(၁) | MV MCL.17 | Urea တန်ချိန်၂၃၃၂တန်ချဆဲ |
| | TRUE FAITH | ပြောင်းဖူးတန်ချိန် ၂၇၅၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| TMITဆိပ်ကမ်းအမှတ်(၂) | ADVENTURE | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| IBTT ဆိပ်ကမ်း | BMC ALPHA | Urea တန်ချိန် ၆၅၀၀ တန်ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | TAY SON-1 | Urea တန်ချိန် ၅၀၀၀ တန်ချဆဲ |
| ရွှေမဲဆိပ်ကမ်း | MV MCL 18 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ဆဲ (ပူးတွဲလုပ်ဆောင်) |
| မင်းထက်မင်းဆိပ်ကမ်း | MV MCL 6 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ဆဲ |
| | MV MCL 19 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| VTC OCEAN | ပြောင်းဖူးတန်ချိန် ၁၈၀၀ တန်တင်ရန် | CHINA | ၂၇.၅.၂၀၂၄ |
| THAI BINH -05 | ပြောင်းဖူး ၂၁၀၀၀ တန်တင်ရန် | THAILAND | ၂၇.၅.၂၀၂၄ |
| SEA STAR TITAN | Steel&Equipment ၃၁၈၀၀ တန်တင်ချရန် | CHINA | ၁.၆.၂၀၂၄ |
| DENSA EAGLE | ဆန် ၃၂၀၀၀ တန်တင်ရန် | SPAIN+BULGARIA | ၄.၆.၂၀၂၄ |
| BBC ROSARIO | (6) Units Rail Cars ၁၉၄ ချရန် | SPAIN | ၁၁.၆.၂၀၂၄ |
| VTC OCEAN | ပြောင်းဖူး ၁၈၀၀ တန်တင်ရန် | THAILAND | ၂၇.၅.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| T12 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၃.၆.၂၀၂၄ |
| SITC CHANGMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၆.၂၀၂၄ |
| ISEACO FORTUNE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၆.၂၀၂၄ |
| BANGKOK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၆.၂၀၂၄ |
| ASIAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃.၆.၂၀၂၄ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၆.၂၀၂၄ |
| PADIAN 4 | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅.၆.၂၀၂၄ |
| SHTC HUIMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၆.၂၀၂၄ |
| KOTA RANCAK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၄ |
| SINAR BAJO | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၄ |
| CAPE FELTON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၂၄ |

# ပြည်ကြက်သွန်နီနှင့် ချင်း အဝင်နည်း၍ ဈေးမြင့်

**ကြက်သွန်နီ**

ယခုမေလကုန်တွင် ပြည်ဈေးကွက်သို့ ကြက်သွန်နီဝင်ရောက်မှု နည်းပါးလျက်ရှိပြီး သုံးရက်ခြား တစ်ကြိမ်သာ အဝင်ရှိကာ ပိဿာချိန် ၈၀၀၀ ခန့်ကို အောင်လံ၊ မကွေးတို့ဘက်မှ အဝင်ရှိနေသည်။ အဝင်နည်းသည့်အတွက် ယခင်တစ်ပတ်ကတက် ဈေးအနည်းငယ်မြင့်တက်သွားပြီး အရောင်းအဝယ်မှာ ပုံမှန် အိတ်ဆွဲဝယ်လက်သမားများနှင့်သာ ရောင်းဝယ်မှု ရှိနေသည်။

မေလကုန်တွင်ပြည်ဈေးကွက်၌ မုန်တိုင်းကြောင့် မိုးနှင့်အတူ အရောင်းအဝယ်အေးလျက်ရှိနေသည်။ ဈေးနှုန်းအနေဖြင့် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး၊ လတ်၊ သေး ၂၂၀၀-၂၃၀၀ -၂၄၀၀-၂၅၀၀ နှုန်းတို့ရှိပြီး မြို့ပေါ်လက်လီဈေးများတွင် ကျပ် ၂၇၀၀၊၂၈၀၀-၂၉၀၀၊၃၀၀၀ ဈေးနှုန်းတို့ရှိသည့်အတွက် ယခင်တစ်ပတ်ထက် ပျမ်းမျှ ကျပ် ၃၀၀ ခန့်ဈေးမြင့်သွားကြောင်း သိရသည်။

**ချင်း**

ပြည်ချင်းပွဲရုံများသို့ ချင်းထွက်ရှိရာ ဒေသများတွင် မိုးအဆက်မပြတ်ရွာနေသောကြောင့် ချင်းများ အဝင်နည်းနေခဲ့သည်။ ပြည်ပွဲရုံများတွင် ချင်းအဝင်နည်းနေသော်လည်း ဈေးနှုန်းမှာ မြင့်တက်မသွားဘဲ ဈေးငြိမ်နေသည်ကိုတွေ့ရသည်။

ယခုတစ်ပတ် ဈေးနှုန်းအနေဖြင့် ချင်း တစ်ပိဿာအိတ်ဆွဲဈေး ကျပ် ၈၀၀၀ဖြစ်ပြီး သီးသန့် အချောတစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ အရောင်းအဝယ်မှာ ခရိုင်အတွင်းရှိ ဈေးများတွင် ဝယ်လက်များနှင့် ဒေသတွင်း လက်လီသမားတို့ အဝယ်များခြင်းကြောင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ၊ ဝင်းဝင်းခိုင်(ပြည်)**

# မကွေးပွဲရုံနှင့် ရေနံချောင်းပွဲရုံတို့တွင် ကြက်သွန်နီ အရောင်းအဝယ်ဖြစ်မှု အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးဈေးကွက်အတွင်း စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာသည်။ မေလ စတုတ္ထပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၆၀၀-၁၈၀၀-၂၀၀၀ ရှိခဲ့ပြီး မေလ တတိယပတ်တွင် ကျပ် ၁၆၀၀-၁၈၀၀-၂၁၀၀ ဖြစ်၍ ကျပ် ၁၀၀ ကျဆင်းလာကြောင်း ရေနံချောင်း၊ ပခုက္ကူ၊ မြစ်သားတို့မှ ဝယ်ယူကြောင်း၊ ကြက်သွန်နီများကို ပွဲရုံမှတစ်ဆင့် မင်းဘူး၊ သရက်၊ ကံမ၊ နတ်မောက်၊ ငဖဲမြို့များမှ ပြန်လည်ဝယ်ယူကြပြီး တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀ ခန့်၊ တစ်ပတ်လျှင် တန်ချိန်ကိုးတန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရှိရသည်။

ရေနံချောင်းဈေးကွက်တွင်လည်း ဒေသထွက်ကုန်ဖြစ်သော ကြက်သွန်နီဈေးနှုန်းများမှာ မေလ စတုတ္ထပတ်တွင် ယခင်တစ်ပတ်အတိုင်း ကျပ် ၁၆၀၀-၁၈၀၀-၂၀၀၀ ဖြစ်၍ ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီးမြို့များမှ ဝယ်ယူကြောင်း၊ ပွဲရုံမှတစ်ဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့သို့ တင်ပို့ရောင်းချပြီး တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀၀ ခန့်၊ တစ်ပတ်လျှင် တန်ချိန် ၉၇ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။ **လင်းကိုကိုဖြိုး**

# မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ မေလ ဒုတိယပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀-၁၃၀၀၀ ဖြင့် လည်းကောင်း၊ မေလ တတိယပတ်တွင် ငွေကျပ် ၁၇၀၀၀-၂၀၀၀၀ ဖြင့်လည်းကောင်း၊ မေလ စတုတ္ထပတ်တွင် ငွေကျပ် ၁၈၀၀၀-၂၁၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ နွေရာသီတွင် ကွမ်းအထွက်နှုန်း တိုးသော်လည်း ရာသီဥတုအပူဒဏ်ကြောင့် ရွက်လိပ်ပိုးကျကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု နည်းခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း၊ ပုံမှန်အားဖြင့် ဆောင်းကွမ်းဈေးနှုန်းသည် ဈေးအမြင့်ဆုံးဖြစ်သော်လည်း ယခုနှစ် နွေကွမ်းဈေးနှုန်းမှာ ဆောင်းကွမ်းဈေးနှုန်းထက် ဈေးနှုန်းရရှိကာ အကျိုးအမြတ် ပိုမိုရရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**ထက်ထက်ဝင်း (မုံရွာ)**

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးကြီးသို့ အနယ်နယ်အရပ်ရပ်မှ သစ်သီးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ မေလ စတုတ္ထပတ်အတွင်း ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ မော်လမြိုင်မှ ကြက်မောက်သီး အစည်းကြီး တစ်စည်း ကျပ် ၁၀၀၀၀၊ အလုံးလတ် ကျပ် ၈၀၀၀၊ ပြင်ဦးလွင်မှ လိုင်ချီးသီး တစ်ပိဿာ ကျပ် ၇၀၀၀၊ ရေးမှ မင်းဂွတ်သီး အလုံးကြီး ကျပ် ၅၀၀၊ အလုံးလတ် ကျပ် ၃၀၀၊ အလုံးသေး ကျပ် ၂၀၀၊ သီပေါ၊ အောင်ပန်းမှ ပျားလိမ္မော် တစ်ပိဿာ အလုံးကြီး ကျပ် ၁၃၀၀၀၊ အလုံးသေး ကျပ် ၇၀၀၀၊ ကလောမှ ပန်းသီး စက္ကူပုံး တစ်ပုံး အလုံးကြီး ကျပ် ၄၂၀၀၀၊ အလုံးသေး ကျပ် ၃၆၀၀၀၊ တိုက်ကြီးမှ ကွဲကောသီး အလုံးကြီး ကျပ် ၂၀၀၀၊ အလုံးလတ် ကျပ် ၁၅၀၀ ၊ အလုံးသေး ကျပ် ၁၀၀၀၊ ပုပ္ပား၊တိုက်ကြီးမှ မာလကာသီး အလုံးကြီး ကျပ် ၆၀၀၊ အလုံးလတ် ကျပ် ၅၀၀၊ အလုံးသေး ကျပ် ၃၀၀၊ မော်လမြိုင်မှ ပိန္နဲသီး(ယိုးဒယား ကိုင်းဆက်) အလုံးကြီး ကျပ် ၂၀၀၀၀၊ အလုံးလတ် ကျပ် ၁၅၀၀၀၊ အလုံးသေး ကျပ် ၈၀၀၀၊ မော်လမြိုင်မှ ပိန္နဲသီး(မြန်မာသီး) အလုံးကြီး ကျပ် ၈၀၀၀၊ အလုံးလတ် ကျပ် ၇၀၀၀၊ အလုံးသေး ကျပ် ၅၀၀၀၊ ကျိုက်ကော်မှ နာနတ်သီး အလုံးကြီး ကျပ် ၂၅၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အလုံးသေး ကျပ် ၁၅၀၀၊ ဧရာဝတီတိုင်းဒေသကြီးမှ သရက်သီး (စိန်တလုံး) အလုံးကြီး တစ်ခြင်း ကျပ် ၄၂၀၀၀၊ အလုံးလတ် ကျပ် ၃၂၀၀၀၊ အလုံးသေး ကျပ် ၂၅၀၀၀ဖြစ်သည်။

ထို့ပြင် တွံတေးမှ သရက်သီး (ရင်ကွဲ) အလုံးကြီး ၇၀ ပါ တစ်ခြင်း ကျပ် ၁၇၀၀၀၊ အလုံးလတ် ၇၀ ပါ တစ်ခြင်း ကျပ် ၁၅၀၀၀၊ အလုံးသေး ၁၀၀ ပါ ကျပ် ၉၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးမှ သရက်သီး(မချစ်စု) အလုံးကြီး တစ်ခြင်း ကျပ် ၄၀၀၀၀၊ အလုံးလတ် ကျပ် ၃၅၀၀၀၊ အလုံးသေး ကျပ် ၂၀၀၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရသည်။ **STDT (Yangon)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၉-၅-၂၀၂၄ မှ ၄-၆-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 565 - 570 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 560 - 565 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 525 - 530 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 575 - 580 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 575 - 580 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 565 - 570 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 550 - 555 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 565 - 570 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 565 - 570 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 565 - 575 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 565 - 570 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 560 - 565 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 570 - 575 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Softexed) | 570 - 575 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Softexed) | 570 - 575 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Softexed) | 565 - 570 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Softexed) | 550 - 555 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Softexed) | 640 - 645 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Softexed) | 635 - 645 | |
| 24 | A-1 , 2 (Sortexed) | 433 - 438 | |
| 25 | B-1 , 2 (Sortexed) | 420 - 425 | |
| 26 | B-1,2 (Non-Sortexed) | 390 - 400 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ၁-၅-၂၀၂၄ မှ ၃၀-၅-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 892 | 6 | - | - | - | 898 |
| | Form AANZ | 36 | 1 | - | - | - | 37 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 294 | 13 | - | - | - | 307 |
| | Form AJ | 66 | 2 | - | - | - | 68 |
| | Form AK | 338 | 3 | - | - | - | 341 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 140 | 2 | - | - | - | 142 |
| | Form E | 1442 | 19 | - | - | - | 1461 |
| | Form Korea | 76 | - | - | - | - | 76 |
| | E Form D | 822 | - | - | - | - | 822 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4108 | 46 | - | - | - | 4154 |

# ပို့ကုန်တင်ပို့ခြင်း၏ ကောင်းကျိုးများ

သိန်းမြင့်ဝေ

ပို့ကုန်တင်ပို့ခြင်း အကြောင်းရင်း သို့မဟုတ် ပို့ကုန်တင်ပို့ခြင်း၏ ကောင်းကျိုးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

### a&mif;tm;wdk;wufvmjcif;

ပို့ကုန်တင်ပို့ခြင်းသည် ကုမ္ပဏီ၏ ရောင်းအားမြင့်တင်ရန် နည်းလမ်းတစ်ခုဖြစ်သည်။ ပြည်တွင်းဈေးကွက်၌သာ ရောင်းချ၍ ရရှိသော ဝင်ငွေထက် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအားဖြင့် လုပ်ငန်းအတွက် ဝင်ငွေပိုမိုရရှိစေသည်။ ပြည်တွင်းဈေးကွက်သည် အသေးစား လုပ်ငန်းများအတွက် လုံလောက်သော အရွယ်အစားဖြစ်နိုင်သည်။ သို့သော်လည်း အလတ်စားနှင့် အကြီးစား လုပ်ငန်းများအတွက် ပြည်တွင်းဈေးကွက်မှာ သေးငယ်သည်။ ထို့ကြောင့် အရောင်းချဲ့ထွင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ပို့ကုန်တင်ပို့ခြင်းဖြစ်သည်။

လုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးသို့လည်းကောင်း၊ ဒေသဆိုင်ရာ ဈေးကွက်သို့လည်းကောင်း ဖြန့်ဖြူးရောင်းချခြင်း မပြုနိုင်သေးပါက ပြည်နယ်/တိုင်းဈေးကွက် သို့မဟုတ် ဒေသန္တရဈေးကွက် (Local market) အတွင်း ဦးစွာဈေးကွက်ဝေစု ချဲ့ထွင်သင့်သည်။ ဒေသန္တရဈေးကွက်မှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာထိ ဖြန့်ဖြူးရောင်းချနိုင်မှသာလျှင် နိုင်ငံ၏ နယ်နိမိတ်ကျော်လွန်ပြီး ပြည်ပဈေးကွက်ကို ကြည့်ရှုသင့်သည်။ ရောင်းအားတိုးတက်ခြင်းက ကုန်ကျစရိတ် လျော့ကျစေပြီး လုပ်ငန်း၏ အမြတ်အစွန်းရရှိမှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေနိုင်သည်။ ထို့ပြင် လုပ်ငန်း၏ အရွယ်အစားကြီးမားစေသောကြောင့် အခြားအလားတူ လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေသည်။

ထို့မျှသာမက ရောင်းအားတိုးတက်ခြင်းက သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D)အပြင် အခြားသော ကုန်ကျစရိတ်များကိုလည်း ကာမိစေနိုင်သည်။ ထို့ကြောင့် ပို့ကုန်တင်ပို့ခြင်းက ကုမ္ပဏီ၏ အထွေထွေတိုးချဲ့မှုကို အထောက်အကူဖြစ်စေနိုင်သည်။ ထို့ပြင် ပို့ကုန်တင်ပို့ခြင်းသည် နိုင်ငံခြားကုမ္ပဏီ၏ ထုတ်လုပ်ရောင်းချခွင့်လိုင်စင်ရယူခြင်း (Overseas licensing) ကုန်အမှတ်တံဆိပ် ရယူသုံးစွဲခြင်း (Franchising) စသည့် အခွင့်အလမ်းများကို စမ်းသပ်သည့် နည်းလမ်းဖြစ်သည်။

### t jrwf&&Sdjcif;

ပို့ကုန်ဈေးကွက်သို့ ဝင်ရောက်ခြင်းသည် လုပ်ငန်းအတွက် အရှုံးပေါ်စေရန် မဟုတ်ပေ။ ကုမ္ပဏီများသည် အမြတ်ရရှိရန် ကြိုးပမ်းကြပြီး အမြတ်များလေ လုပ်ငန်းအတွက် အကျိုးရှိလေ ဖြစ်သည်။ နိုင်ငံတကာဖောက်သည်များထံမှ ကုန်မှာစာသည် ပြည်တွင်းဝယ်သူများ၏ ကုန်မှာစာထက် ပိုမိုများပြားသောကြောင့် ပို့ကုန်တင်ပို့ခြင်းက အမြတ်ပိုမိုရရှိစေသည်။ အချို့သော ထုတ်ကုန်များ အထူးသဖြင့် တစ်မူထူးခြားသော သို့မဟုတ် အလွန်ဆန်းသစ်သော ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်ထက် ပြည်ပဈေးကွက်၌ အမြတ်အစွန်း ပိုမိုရရှိသည်။

### qkH;½IH;Edkifajcavsmhusjcif;ESifh pD;yGm;a&;tajctaeudkwnfjidrfap&jcif;

ပြည်တွင်း ဈေးကွက်တစ်ခုတည်း အားကိုးခြင်းက ဆုံးရှုံးနိုင်ခြေများပြားစေနိုင်သည်။ နိုင်ငံခြားဈေးကွက် အမျိုးမျိုးသို့ တင်ပို့ရောင်းချခြင်းက လုပ်ငန်းလည်ပတ်မှု အတက်အကျများ ရင်ဆိုင်နေရသော ကုမ္ပဏီအတွက် ဆုံးရှုံးနိုင်ခြေ လျှော့ချနိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်း မတူညီသော နိုင်ငံခြားဈေးကွက်အမျိုးမျိုးသို့ တင်ပို့ရောင်းချခြင်းအားဖြင့် ဈေးကွက်တစ်ခု၏ ဆုံးရှုံးနိုင်ခြေကို အခြားဈေးကွက်များ၏ တိုးတက်မှုက ထေမိသွားမည်ဖြစ်သည်။ ထို့ပြင် ယနေ့ခေတ် ပြည်တွင်းလုပ်ငန်း အများအပြားသည် လုပ်သားပြဿနာနှင့် ရင်ဆိုင်နေရသည်။ ထို့အတွက် ပို့ကုန်တင်ပို့ခြင်းသည် အလုပ်အကိုင် ဖန်တီးပေးသောကြောင့် ကုမ္ပဏီကို ထိခိုက်စေနိုင်သည့် လုပ်သားအငြင်းပွားမှုအန္တရာယ် လျော့ကျစေနိုင်သည်။

### xkwfvkyfrI pGrf;&nfudk tjynfht0 tokH;csjcif;

ပို့ကုန်များသည် အချည်းနှီးဖြစ်နေသော ထုတ်လုပ်မှုစွမ်းရည် (Idle production capacity) ကို အသုံးဝင်လာစေရန် ကူညီပေးသည်။ တစ်နည်းအားဖြင့် လက်ရှိအသုံးပြုနေသော စက်ရုံ၊ စက်နှင့် ဝန်ထမ်းများကို ပိုမိုစွမ်းဆောင်ရည်ရှိစေသည်။ ထို့ပြင် ထိုကဲ့သို့ စွမ်းဆောင်ရည် တိုးတက်ခြင်းက တစ်ယူနစ် ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းသည် စုစုပေါင်းကုန်ကျစရိတ် တိုးမြှင့်ခြင်းမရှိဘဲ တူညီသော ကုန်စည်အရေအတွက်ကို ပိုမိုတင်ပို့ရောင်းချနေသောကြောင့် ဖြစ်သည်။ ထုတ်လုပ်မှုစရိတ် နည်းပါးခြင်းက ထုတ်ကုန်တစ်ခုအား ပြည်တွင်းဈေးကွက်အပြင် နိုင်ငံခြားဈေးကွက်များ၌ ပိုမိုယှဉ်ပြိုင်နိုင်စေသည်။ ထို့မျှသာမက ကုမ္ပဏီ၏ အမြတ်အစွန်းကို ပိုမိုရရှိစေနိုင်သည်။



### vkyfief;pD;yGm;qdkif&m tusKd;ausH;Zl;&&Sdjcif;

ပို့ကုန်တင်ပို့ခြင်းသည် စကေးအလိုက် အကျိုးကျေးဇူး (Economies of scale) ကို ခံစားရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ဤအချက်က ကမ္ဘာတစ်ဝန်း လက်ခံသော ထုတ်ကုန်ဖြင့် ဈေးကွက်တိုးဖောက်နိုင်စေသည်။ ၎င်းသည် ဈေးနှုန်းကြီးမြင့်ပြီး အချိန်ကုန်သည့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုအပ်သည့် ဈေးကွက်တစ်ခုစီအတွက် လိုက်လျောညီထွေဖြစ်စေမည့် ထုတ်ကုန်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထုတ်ကုန်သစ်ကို ကမ္ဘာတစ်ဝန်း ဖောက်သည် သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာစားသုံးသူများက ပိုမိုလက်ခံလျက်ရှိသည်။

ထုတ်လုပ်တင်ပို့ရောင်းချမှု တိုးတက်လာခြင်းနှင့်အတူ ဝင်ငွေပမာဏ ပိုမိုများပြားပြီး ကုန်ကျစရိတ် လျော့ကျလျက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားသည့် ကောင်းကျိုးရရှိခံစားနိုင်သည်။ တစ်နည်းအားဖြင့် လုပ်ငန်း၏ ပျမ်းမျှယူနစ်ကုန်ကျစရိတ် (Average unit costs) လျော့ကျပြီး စုစုပေါင်းအမြတ် (Overall profitability) နှင့် ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) တိုးတက်စေသည်။

### &moDvdkuf a&mif;tm;rwnfidrfrIrsm;udk avsmhcsjcif;

တောင်ကမ္ဘာခြမ်းရှိ နိုင်ငံများနှင့် မြောက်ကမ္ဘာခြမ်းရှိ နိုင်ငံများ၏ ရာသီဥတု မှာ ဆန့်ကျင်ဘက်ဖြစ်သည်။ တောင်ကမ္ဘာခြမ်းရှိ သစ်သီးစိုက်ပျိုးထုတ်လုပ်သူနှင့် ရေကူးဝတ်စုံ သို့မဟုတ် နေရောင်ခံလိမ်းဆေးထုတ်လုပ်သည့် ကုမ္ပဏီကဲ့သို့ ရာသီအလိုက် ကုန်ပစ္စည်းရောင်းချသော လုပ်ငန်းများအတွက် ရာသီကုန်ဆုံးချိန်တွင် မြောက်ကမ္ဘာခြမ်း၌ အဆိုပါကုန်ပစ္စည်းများကို ရောင်းချနိုင်သည်။ ထို့ကြောင့် ရောင်းချမှုပုံစံ (Sales pattern) ပိုမိုတည်ငြိမ်ပြီး ရောင်းချချိန် ပိုမိုရရှိစေသည်။ ဤကဲ့သို့ တင်ပို့ရောင်းချခြင်းက အဆိုပါကုန်ပစ္စည်းများအတွက် ရောင်းအားအလားအလာ (Sales potential) ကောင်းမွန်စေပြီး ဆုံးရှုံးနိုင်ခြေကိုလည်း လျှော့ချပေးသည်။

### ydkrdkaomaps;uGuf&&Sdjcif;

ကုမ္ပဏီ၏ ထုတ်ကုန်အတွက် ပြည်တွင်းဈေးကွက် သေးငယ်လွန်းသည့်အခါတွင်လည်းကောင်း၊ ပြည်တွင်းဈေးကွက်များ ပြည့်နှက်လာသည့်အခါတွင်လည်းကောင်း ပို့ကုန် စတင် တင်ပို့ကြသည်။ အကြီးစားစက်မှုလုပ်ငန်းသုံး စက်ယန္တရားထုတ်လုပ်သော ကုမ္ပဏီ သို့မဟုတ် စက်ရုံကြီးများ၌ ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများအတွက် ၎င်းတို့ထုတ်လုပ်ထားသော ကုန်ပစ္စည်းကို လုံလောက်စွာ ရောင်းချနိုင်ရပါမည်။ သို့မှသာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုပြီး ကုန်ပစ္စည်းတစ်ယူနစ်ဈေးနှုန်း နိမ့်ကျလာပါမည်။

### jynfwGif;aps;uGuf &Japs;

သေးငယ်ပြီး ပြည့်နှက်နေသောကြောင့် ပြည်ပတင်ပို့ရောင်းချရန် အခွင့်အလမ်းများဖြစ်လာတတ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံရှိ လုပ်ငန်းပမာဏ ကြီးမားသော စက်မှုကုန်ချောထုတ်လုပ်သူ အများအပြားသည် ၎င်းတို့၏လုပ်ငန်း တိုးတက်ရေးအတွက် နိုင်ငံခြားဈေးကွက်သို့ ဦးလှည့်ခဲ့ကြသည်။

ဥပမာ အားဖြင့် Opel၊ VW နှင့် BMW ကဲ့သို့သော မော်တော်ကား ထုတ်လုပ်သည့် ကုမ္ပဏီများ၊ Mondi နှင့် Sappi ကဲ့သို့သော စက္ကူထုတ်လုပ်သည့် ကုမ္ပဏီများ၊ Anglo-American နှင့် De Beers ကဲ့သို့သော သတ္တုတူးဖော်ရေးကုမ္ပဏီများကို တွေ့မြင်နိုင်သည်။ ထို့အတူ Volvo၊ Philips နှင့် Roche ကဲ့သို့သော နိုင်ငံတကာ ကုမ္ပဏီများကိုလည်း တွေ့မြင်နိုင်သည်။ အဆိုပါ ကုမ္ပဏီများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် သက်ဆိုင်ရာ ပြည်တွင်းဈေးကွက် သေးငယ်လွန်းသောကြောင့် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။

### vkyfief;wdk;wufrIt&Sdeft[kefudk xdef;odrf;jcif;

ပြည်တွင်းဈေးကွက်၌ စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လေ့ရှိသည်။ ထိုစီးပွားရေးကျဆင်းမှုက ကုမ္ပဏီများအတွက် ပို့ကုန်ဈေးကွက်သို့ ဝင်ရောက်ရန် တွန်းအားပေးသည်။ ပို့ကုန်ဈေးကွက်သည် အရောင်းအဝယ် အခွင့်အလမ်းများပေးစွမ်းနိုင်သောကြောင့် ကုမ္ပဏီ၏ လုပ်ငန်းတိုးတက်မှုကို များစွာအထောက်အကူပြုသည်။ တစ်နည်းအားဖြင့် ပို့ကုန်တင်ပို့ခြင်းက ပြည်တွင်းဈေးကွက်၌ လုပ်ငန်းတိုးတက်မှု နှေးကွေးနေသော သို့မဟုတ် လုပ်ငန်းတိုးတက်မှု မရှိသော ကုမ္ပဏီအတွက် အခက်အခဲများ ကျော်လွှားနိုင်သည်။

### xkwfukefoufwrf;udk &Snfjynfap&ef

ထုတ်ကုန်အားလုံး ထုတ်ကုန်သံသရာ (Product life-cycle) ဖြတ်သန်းကြရသည်။ ထုတ်ကုန်သံသရာဆိုသည်မှာ ထုတ်ကုန်တစ်ခု၏ ဈေးကွက်အတွင်း ဖြစ်ပေါ်ပြောင်းလဲပုံ အဆင့်ဆင့်ဖြစ်သည်။ ထုတ်ကုန်တစ်ခု၏ သံသရာကို အဆင့်လေးဆင့်ခွဲခြားနိုင်သည်။ ပထမအဆင့်သည် ထုတ်ကုန်တစ်ခုကို ဈေးကွက်အတွင်း စတင်မိတ်ဆက်ရောင်းချခြင်းဖြစ်သောကြောင့် ၎င်းထုတ်ကုန်သည် အသစ်အဆန်းဖြစ်နေသည်။ ထုတ်ကုန်၏ ဒုတိယအဆင့်၌ ရောင်းအား သိသိသာသာ တိုးတက်လာသည်။ တတိယအဆင့်၌ ရောင်းအား အမြင့်ဆုံးသို့ ရောက်ရှိပြီး ပြည့်ဝသော ထုတ်ကုန် သို့မဟုတ် ရင့်ကျက်သော ထုတ်ကုန် (Mature product) ဖြစ်လာသည်။ စတုတ္ထအဆင့်၌ ထုတ်ကုန်၏ ရောင်းအား စတင်ကျဆင်းလာပြီး ရောင်းအား အနိမ့်ဆုံးသို့ ကျဆင်းသွားသည်။

ယခုအခါ ပြည်တွင်းဈေးကွက်၌ ရောင်းအား ကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားသော ထုတ်ကုန်တစ်ခုသည် ကမ္ဘာ့အခြားဈေးကွက်များ၌ အသက်ဝင်လာနိုင်သည်။ ဤထုတ်ကုန်ကို ပြန်လည်ရောင်းချနိုင်သည့်ဈေးကွက် ရှာဖွေခြင်းအားဖြင့် ထုတ်ကုန်သံသရာ တိုးချဲ့နိုင်သည်။ ထို့ကြောင့် ထုတ်ကုန်တစ်ခု၏ ဘဝသံသရာ ပြီးဆုံးရန် သို့မဟုတ် ထုတ်ကုန်၏ သက်တမ်းကုန်ဆုံးရန် နီးကပ်လာသောအခါ အဆိုပါထုတ်ကုန်အတွက် နိုင်ငံခြား၌ ဈေးကွက်ရှာဖွေရန် အမြဲကြိုးစားနေသင့်သည်။

### xkwfukeft&nfaoG;wdk;wufjcif;

ကမ္ဘာ့ဈေးကွက်သည် ပြိုင်ဆိုင်မှု ပြင်းထန်သော နေရာတစ်ခုဖြစ်သည်။ ကမ္ဘာ့ဈေးကွက်အတွင်း ပါဝင်ခြင်းအားဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ပြီး ထုတ်ကုန်အရည်အသွေး ပိုမိုကောင်းမွန်လာပါမည်။ ယေဘုယျအားဖြင့် အောင်မြင်သော ပို့ကုန်လုပ်ငန်းရှင်သည် ၎င်းတို့၏ ပြည်တွင်းဈေးကွက်၌လည်း အလွန်အောင်မြင်သည့် လုပ်ငန်းရှင် ဖြစ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် စွမ်းဆောင်ရည်မြင့်မားပြီး ထုတ်ကုန်အရည်အသွေးကို အာရုံစိုက်သောကြောင့် ဖြစ်သည်။

### tjynfht0 tokH;rcsa&;aomaps;uGuf&&Sdjcif;

ကုမ္ပဏီ တစ်ခုသည် ကမ္ဘာပေါ်ရှိ အခြားနေရာ၌ မရရှိနိုင်သေးသည့် အလွန်ထူးခြားသော ထုတ်ကုန်တစ်ခု ရှိကောင်း ရှိနိုင်သည်။ ဤအခြေအနေတွင် အလားအလာကောင်းသော သို့မဟုတ် အပြည့်အဝ အသုံးမချရသေးသော ဈေးကွက်များ (Untapped markets) က ကုမ္ပဏီ၏ ပို့ကုန်လုပ်ငန်းကို တွန်းအားပေးနိုင်သည်။ အခြားကုမ္ပဏီများသည် အမေရိကန်၊ ဥရောပနှင့် အာရှဈေးကွက်ကဲ့သို့သော နိုင်ငံရပ်ခြား ဈေးကွက်ကြီးများ၌ ပမာဏ အမြောက်အမြား ဝယ်ယူခြင်း၏ ကောင်းကျိုးကို ရယူလိုပေမည်။

စာမျက်နှာ ၁၂ သို့

# အညာမြေဒေသထွက်ကုန် မန်ကျည်း

## မြင့်မြင့်သန်း(ပခုက္ကူ)

သဘာဝမန်ကျည်းဖျော်ရည် ပုလင်းဘူးများကို ခေတ်မီဆန်းသစ်စွာဖြင့် ထုပ်ပိုးထားရှိပြီး တစ်ပုလင်းလျှင် ကျပ် ၅၀၀၀-၅၅၀၀၊ တစ်ဘူးလျှင် ကျပ် ၈၀၀၀ ဈေးရှိပြီး မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လူတိုင်းကြိုက်နှစ်သက်သည့် ပခုက္ကူမြို့၏ အညာဒေသထုတ်ကုန် ဓာတုကင်းစင်ဆေးဖက်ဝင် မန်ကျည်းဖျော်ရည်ဖြစ်သည်။

မန်ကျည်းမှည့် ဈေးနှုန်းဈေးကွက်အနေဖြင့် ယခုနှစ်တွင် မန်ကျည်းအသီးတင်ရှိမှုနည်း၍ အထွက်နည်းခြင်းအပြင် ပြည်ပနိုင်ငံများမှလည်း အဝယ်လိုက်ခြင်းကြောင့် ဖေဖော်ဝါရီလ မန်ကျည်းမှည့်အသစ် ပေါ်ချိန်မှစ၍ ဈေးနှုန်းမြင့်တက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မန်ကျည်းမှည့်ကို ဒေသတွင်းစားသုံးသူများမှ လက်လီဝယ်ယူစားသုံးမှုများကြသည်။ ပြည်ပနိုင်ငံများသို့ ကုန်ချိန်အများဆုံး တင်ပို့လျက်ရှိသည်။ ယခုနှစ်တွင် မန်ကျည်းမှည့် တစ်ပိဿာလျှင် အစေ့ပါလုံးတည်း ကျပ် ၂၅၀၀-၂၆၀၀၊ မန်ကျည်းသားအစေ့လွတ် တစ်ပိဿာလျှင် ကျပ် ၅၀၀၀-၆၀၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခင်နှစ် မန်ကျည်းပေါ်ချိန် ဈေးကွက်တွင် မန်ကျည်းမှည့် တစ်ပိဿာလျှင် အစေ့ပါလုံးတည်း ကျပ ၁၂၅၀-၁၃၀၀၊ မန်ကျည်းသား အစေ့လွတ်တစ်ပိဿာ ကျပ် ၃၀၀၀-၃၅၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပခုက္ကူမန်ကျည်းဈေးကွက်သို့ ယခင်နှစ်က မန်ကျည်းကုန်ချိန် ပိဿာ သိန်း ၃၀ ခန့် ဝင်ရောက်ခဲ့သော်လည်း ယခုနှစ်တွင် မန်ကျည်း အပွင့်အသီးလိုက်ချိန်တွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် အသီးတင်မှု နည်း၍ မန်ကျည်းပိဿာ ၁၅ သိန်းခန့်သာ ဝင်ရောက်ကြောင်း မြို့ပေါ် ရှိ မန်ကျည်းသိုလှောင်ဖြန့်ဖြူးရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ပခုက္ကူဈေးကွက်သို့ ဝင်ရောက်လာသည့် မန်ကျည်းမှည့်များကို မြို့ပေါ်ရှိ လုပ်ငန်းရှင်ကြီးများက ဝယ်ယူသိုလှောင်ထားရှိပြီး ဒေသတွင်းလုပ်ငန်းရှင်များနှင့် ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူးလျက်ရှိရာ ပခုက္ကူမြို့မှ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပနိုင်ငံ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ပို့ကုန်အဖြစ် တင်ပို့လျက်ရှိကြောင်း သိရသည်။

မန်ကျည်းမှည့်သည် စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်ပြီး မန်ကျည်းတစ်ပင်လုံးမှာလည်း လူသားအားလုံးအတွက် အသုံးဝင်သည့် ဆေးဖက်ဝင်အပင်ဖြစ်သည်။ မန်ကျည်းမှည့်ကို ပြည်တွင်း၌လည်း စားသုံးမှုများပြားလျက်ရှိပြီး စီးပွားရေးလုပ်ငန်းရှင်များမှလည်း စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအပြင် မြန်မာ့တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိ၍ ပြည်တွင်း MSME အသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ဒေသခံပြည်သူများမှလည်း အလုပ်အကိုင် အခွင့်အလမ်းများစွာရရှိပြီး ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချရ၍ နိုင်ငံတော်အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိသည့်အပြင် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ မန်ကျည်းစိုက်ပျိုးသူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိသဖြင့် ဒေသအနှံ့အပြားအလွယ်တကူ ပေါက်ရောက်လွယ်သော မန်ကျည်းပင်ကို ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ပါကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။



# မေလအတွင်း ပဲတန်ချိန် တစ်သိန်းလေးသောင်းကျော် တင်ပို့

မေ ၁ ရက်မှ ၂၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၂၉၆ သန်း တန်ဖိုးရှိ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတန်ချိန် ၁၄၇၁၇၀ခန့် တင်ပို့ခဲ့ ကြောင်းသိရသည်။

**မတ်ပဲ**

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၄၈၃ သန်းတန်ဖိုးရှိ မတ်ပဲ ၆၆၀၃၆ တန် တင်ပို့ခဲ့သည်။ မတ်ပဲကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး တန်ချိန် ၅၀၀၀၀ ကျော်တင်ပို့ခဲ့သည်။ အိန္ဒိယနိုင်ငံအပြင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်းသိရသည်။

**ပဲတီစိမ်း**

မေလအတွင်း ပဲတီစိမ်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၇၈၇ သန်းဖိုးနှင့် တန်ချိန် ၅၃၆၃၀ ကျော်ဖြစ်သည်။ ပဲတီစိမ်းကို အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံ စသည့် နိုင်ငံအနှံ့ တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

ပဲစင်းငုံတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၂၆ သန်း တန်ဖိုးနှင့်တန်ချိန် ၂၇၅၀၀ ကျော်တင်ပို့ခဲ့သည်။ ပဲတီစိမ်းကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ မေလအတွင်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၂၉၆ သန်းဖိုးနှင့် တန်ချိန် ၁၄၇၁၇၀ ခန့်တင်ပို့ခဲ့ကြောင်း သိရသည်။

**CJ**

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ်သိန်း ၄၀ ဝန်းကျင်တွင်ရှိနေ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) မှ ထုတ်ပြန်လျက်ရှိသည့် အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သား ဈေးနှုန်းမှာ ကျပ်သိန်း ၄၀ နီးပါးရှိပြီဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ (YGEA) မှ သတ်မှတ်ထုတ်ပြန်ထားလျက်ရှိသည့် ရွှေဈေးနှုန်းမှာ မေလနောက်ဆုံးပတ်တွင် တစ်ကျပ်သားလျှင် ကျပ်သိန်း ၄၀ နီးပါးဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။

လက်ရှိတွင် YGEA အနေဖြင့် အကယ်ဒမီ မီးလင်းရွှေ ဈေးနှုန်းအား ကမ္ဘာ့ရွှေဈေး၊ လိုင်စင်ရဘဏ်များ၏ ရည်ညွှန်းဈေးများဖြင့် တွက်ချက်ကာ ရည်ညွှန်းဈေးအား နေ့စဉ် ဖွင့်လှစ်ပေးလျက်ရှိသည်။ ပြင်ပဈေးကွက်တွင်း ဖြစ်ပေါ်နေသည့် ရွှေဈေးနှုန်း တည်ငြိမ်စေရေးအတွက်လည်း အသင်းရုံးတွင် စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် အရောင်းအဝယ်လုပ်ကိုင်ကြရန် နှိုးဆော်လျက်ရှိပြီး ရွှေဈေးနှုန်းတည်ငြိမ်မှုရှိစေရေး ထိန်းသိမ်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ပြင်ပရွှေဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သူများအနေဖြင့်လည်း လက်ရှိတွင် ကောလာဟလ၊ အခြေအမြစ်မရှိသည့် သတင်းအမျိုးမျိုးကို အကြောင်းပြကာ ရွှေဈေးနှုန်းကို ဆွဲတင်၊ ဆွဲချလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဖြစ်စဉ်အကြောင်းအရင်းအမှန်များကို သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိပြီး အရေးယူဆောင်ရွက်နေသည့်အတွက် ပြင်ပရွှေဈေးကွက်တွင် ရွှေဈေးကစားခြင်းမပြုလုပ်ကြရန် YGEA က ပန်ကြားထားသည်။

**ကိုတိုး**

## ပြည်တွင်းငွေကြေးဈေးကွက် အရောင်းအဝယ်အေး

လက်ရှိပြည်တွင်းငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Money Changer လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများ ရောင်းဝယ်နေခြင်းနှင့် လိုင်စင်ရှိသူများအနေဖြင့်လည်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းမပြုပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ဗဟိုဘဏ်မှ အသိပေး ထုတ်ပြန်ထားသည်။

လက်ရှိတွင်လည်း နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ အွန်လိုင်းပေါ်တွင် နိုင်ငံခြားငွေများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း လဲလှယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသည့် အွန်လိုင်း Page များနှင့် အင်တာနက်စာမျက်နှာ ၁၆ ခုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း ထုတ်ပြန်ထားသည်။

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD)လိုင်စင်ရဘဏ်များမှလည်း ငွေလဲကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်း နိုင်ငံခြားငွေကြေးတို့အား ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ကိုတိုး**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

၂၀၂၄ ခုနှစ် မတ်နှင့် ဧပြီ နှစ်လတာကာလအတွင်း အချက်အလက်များအရ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ် ဖြစ်မှုတန်ဖိုး ကျပ်သန်း ၈၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့ အိတ်ချိန်း(YSX) မှ သိရသည်။ အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ရှယ်ယာအစောင်ရေစုစုပေါင်း ၂၇၉၀၈၇ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၀၆၁ ဒသမ ၈၈ သန်းရှိခဲ့သည်။

အဆိုပါနှစ်လတာကာအတွင်း ကုမ္ပဏီတစ်ခုချင်းစီ၏ အစု ရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၂၄၂၄ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၀၄ ဒသမ ၂၇သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၁၂၀၂၄၃ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၄၄ဒသမ ၂၈ သန်းရရှိခဲ့ကြောင်း သိရသည်။ အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) မှ အစုရှယ်ယာ အစောင်ရေ ၂၆၇၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၀၁၇ ဒသမ ၂၈ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ အစောင်ရေ ၅၉၁၁၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် တန်ဖိုး ကျပ် ၈၇ ဒသမ ၉၈ သန်းရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၄၃၁၆ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၉၅၈ သန်းရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.Ltd (AMATA) က အစုရှယ်ယာအစောင်ရေ ၃၂၃၇ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၂၀၈၄ ဒသမ ၃၇သန်း၊ Myanmar Argo Exchange Public Co.Ltd(MAEX) က အစုရှယ်ယာစောင်ရေ ၅၆၆၈၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၀၂ ဒသမ ၇၈ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ကိုတိုး**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၃၃၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေ ၂၉ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၃၅၃ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၅၁၅၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မေ ၂၉ ရက်တွင် ကျပ် ၅၇၂၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရပြီး Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံ ဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ မေ ၂၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၃-၅-၂၀၂၄ | ၂၄-၅-၂၀၂၄ | ၂၇-၅-၂၀၂၄ | ၂၈-၅-၂၀၂၄ | ၂၉-၅-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၆.၅၄၅ | ၃၆.၇၃၅ | ၃၆.၅၇၅ | ၃၆.၅၅၅ | ၃၆.၆၃၅ | ၀.၂၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၀ | ၁.၃၅၂ | ၁.၃၅၀ | ၁.၃၄၇ | ၁.၃၄၉ | -၀.၀၇ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၇၀၉ | ၄.၇၂၀ | ၄.၇၀၆ | ၄.၆၉၁ | ၄.၇၀၂ | -၀.၁၅ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၅၉၉၃ | ၁၅၉၉၃ | ၁၆၀၆၅ | ၁၆၀၈၉ | ၁၆၁၆၀ | ၁.၀၅ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၂၄၅ | ၇.၂၄၅ | ၇.၂၄၅ | ၇.၂၄၆ | ၇.၂၄၈ | ၀.၀၄ | ↑ |
| ၇ | Indian Rupee | INR | ၈၃.၂၆၁ | ၈၃.၂၀၁ | ၈၃.၀၆၀ | ၈၃.၁၁၆ | ၈၃.၂၇၄ | ၀.၀၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၆.၇၄၀ | ၁၅၇.၀၈၀ | ၁၅၆.၇၄၀ | ၁၅၆.၆၅၈ | ၁၅၇.၃၃၅ | ၀.၃၇ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၀၉ | ၁.၅၁၅ | ၁.၅၀၇ | ၁.၄၉၉ | ၁.၅၀၄ | -၀.၃၃ | ↓ |
| ၁၀ | Euro | EUR | ၀.၉၂၃ | ၀.၉၂၅ | ၀.၉၂၂ | ၀.၉၁၉ | ၀.၉၂၂ | -၀.၁၁ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၇ | ၀.၇၈၈ | ၀.၇၈၅ | ၀.၇၈၂ | ၀.၇၈၄ | -၀.၃၈ | ↓ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ မေ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း ၄၅၄၀-၄၅၅၀ ကျပ်ကြားရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

၂၀၂၄ ခုနှစ် မေလ ၂၉ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၉၈ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၄ ဖြင့်လည်းကောင်း၊ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၉ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၈ ဖြင့် လည်းကောင်း အသီးသီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၂ ဖြင့် လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၆ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၁ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်း မြင့်တက်ပြီး ပါကစ္စတန်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ ကျဆင်းခဲ့ကာ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ မှ ၁၃၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ မှ ၁၆၀၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သည့် ဧည့်မထ ၂၅ မှတ်တန်ဆန် တစ်အိတ်လျှင် ကျပ် ၇၀၅၀၀ မှ ၇၂၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၇၆၀၀၀ မှ ၇၈၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသ မူဆယ်မြို့တွင် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၈၉ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၅၈၀ ကျပ်နှုန်း ရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၁၆၀၀၀၀ ကျပ်ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရပြီး မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၁၂၀ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ ဧည့်မထဆန်တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၇၅၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပဲခူးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၄၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်၊ မေလ နောက်ဆုံးအပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

# ဒေသမရွေးသည့် စီးပွားဖြစ် စပျစ်

မြန်မာနိုင်ငံတွင် စပျစ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြား၌ အများအပြား စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ စပျစ်စိုက်ပျိုးရာတွင် ကိုင်းကူး/ကိုင်းဆက်၍ စိုက်ပျိုးနည်း၊ ပင်ထောင်စိုက်ပျိုးနည်း၊ ချုံပုတ်သဏ္ဍာန်စိုက်ပျိုးနည်းနှင့် စင်တင်စိုက်ပျိုးနည်းဟူ၍ စိုက်ပျိုးလေ့ရှိကြောင်း၊ ကိုင်းဆက်စိုက်ပျိုးခြင်းသည် အပင်ပိုမိုအကြမ်းခံသည်ဟုလည်း သိရသည်။ အများအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် စင်တင်စိုက်ပျိုးခြင်းနည်းကိုသာ အသုံးပြုကြသည်။

စပျစ်သည် ဖေဖော်ဝါရီလတွင် စတင်ထွက်ရှိပြီး မတ်လတွင် အသီးများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်သည်။ စပျစ်စိုက်တစ်ဧကလျှင် ပိဿာ ၁၅၀၀ ထွက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ဈေးကွက်အတွင်းရောင်းချရကြောင်း၊ နှစ်ရှည်ပင်ဖြစ်သည့်အတွက် အရင်းအနှီး ပို၍များကြောင်း၊ ခူးဆွတ်ချိန်တွင် ခြံလုပ်သား ၁၅ ဦးခန့်ခေါ်ယူခူးဆွတ်ရပြီး လုပ်အားခနှုန်းထားမှာ တစ်ဦးလျှင် တစ်ရက် ကျပ် ၈၀၀၀ နှုန်း ပေးချေရသည်။ ထွက်ရှိလာသော စပျစ်သီးများအား မကွေး၊ ချောက်၊ ရေနံချောင်း၊ စလင်း၊ ပွင့်ဖြူမြို့များမှ ကုန်သည်ပွဲစားများက စပျစ်ခြံအရောက် လာရောက် ဝယ်ယူကြကြောင်း နတ်မောက်မြို့ရှိ စပျစ်ခြံစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရသည်။

စပျစ်သည်တစ်ကြိမ်စိုက်ပျိုးပြီး စနစ်တကျပြုစုပါက တောင်သူများ နှစ်စဉ်ဝင်ငွေရရှိနိုင်သည့်အပြင် ခြံလုပ်သားများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်သည်။ စပျစ်စိုက်ပျိုးခြင်းကို အသီးစားသုံးမှုအတွက် စိုက်ပျိုးခြင်းသာမက တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော စပျစ်ဝိုင်၊ စပျစ်ခြောက်၊ စပျစ်ယိုအဖြစ်ပါ ထုတ်လုပ်လာကြသောကြောင့် ဈေးကွက်ဝင်သီးနှံလည်း ဖြစ်သည့်အပြင် ဈေးကွက်ဝယ်လိုအားကောင်းပြီး အကျိုးအမြတ် များစွာရရှိသည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသအများအပြားတွင် စပျစ်ခြံများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဆုလပြည့်ဝင်း**

စာမျက်နှာ(၁၀) ပို့ကုန်တင်ပို့ခြင်း၏ ကောင်းကျိုးများ ··· မှ အဆက်

### azmufbnfyltdbufSlukusp&dfrsm; ukvGaj;z&Sjcif;

နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရာတွင် ဖောက်သည်၊ ပြိုင်ဘက်နှင့် ကုန်ကျစရိတ်များ ကိုင်တွယ်ဖြေရှင်းနိုင်ရန် လိုအပ်သည်။ အချို့သောကိစ္စများတွင် ကုမ္ပဏီများသည် နိုင်ငံခြားသို့ ပြောင်းရွှေ့သွားသော ၎င်းတို့၏ဖောက်သည်များကို တုံ့ပြန်ရန်အတွက် ပြည်ပဈေးကွက်သို့ ရောက်ရှိသွားနိုင်သည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် ကုမ္ပဏီ၏ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည့် ပြည်ပပြိုင်ဘက်ကို တိုက်ခိုက်ရန်အတွက် ပြည်ပဈေးကွက်သို့ ဝင်ရောက်ရန် ဆုံးဖြတ်နိုင်သည်။

နောက်ဆုံးတွင် ကုမ္ပဏီသည် ပြည်တွင်းဈေးကွက်ထက် များစွာသာလွန်ကောင်းမွန်သည့် ကောင်းကျိုးများခံစားရန် နိုင်ငံခြားဈေးကွက်သို့ ရောက်ရှိသွားနိုင်သည်။ အထူးသဖြင့် နိုင်ငံခြားဈေးကွက်၌ လုပ်အားခ သက်သာခြင်း၊ ကျွမ်းကျင်လုပ်သား ပေါများခြင်းနှင့် ဆက်သွယ်ရေး သို့မဟုတ် စွမ်းအင်စရိတ်ကဲ့သို့သော အခြားကုန်ကျစရိတ် အချက်များ သက်သာခြင်း စသည့် ကောင်းကျိုးများ ရယူရန် နိုင်ငံတကာသို့ သွားရောက်နိုင်သည်။

ဥပမာ ပရိုဂရမ်ရေးဆွဲရာ၌ အလွန်ကျွမ်းကျင်ပြီး လုပ်ခလစာ နည်းပါးသော အိန္ဒိယသို့ ဈေးကွက်တိုးချဲ့ခြင်းက ပြည်တွင်း ဆော့ဖ်ဝဲလ် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအတွက် အဓိကကောင်းကျိုး ဖြစ်စေနိုင်သည်။ သို့သော်လည်း ဤအချက်များသည် အသေးစားပို့ကုန်လုပ်ငန်းထက် ပိုမိုကြီးမားသောလုပ်ငန်းများနှင့် ပို၍သက်ဆိုင်သည်ဟု ဆိုရမည်။

### vkyfief;y\kyfaumif;refcif;

နိုင်ငံတကာကုန်သွယ်မှု၌ ပို့ကုန်တင်ပို့သူအဖြစ် ပါဝင်ပတ်သက်ခြင်းက ကုမ္ပဏီ၏ ပုံရိပ် သို့မဟုတ် အဆင့်အတန်း ပိုမိုမြင့်မားစေသည်။ ဤအချက်သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အလွန်အရေးကြီးသော အချက်ဖြစ်သည်။

Source: exporthelp.co.za

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

DOT (P&S)

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ မေ ၂၇ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ကွန်ဂိုနိုင်ငံသည် ယခုတစ်ပတ်တွင် ၆ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မက္ကဆီကိုနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်း၊ အာဂျင်တီးနားနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း သုံးနိုင်ငံရှိကြောင်း တွေ့ရသည်။

မေ ၂၇ ရက် ဖော်ပြချက်၌ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဂျပန်၊ အီဂျစ်၊ ပါကစ္စတန်၊ နီပေါ၊ ပီရူး၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ဘူလ်တန်၊ ကိုလံဘီယာ၊ ဂျော်ဒန်၊ ကင်ညာ၊ နော်ဝေ၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း အဆိုပါဝက်ဘ်ဆိုဒ်အရ သိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ အီတလီ၊ ပြင်သစ်၊ ဂရိ၊ ပိုလန်၊ စပိန်၊ ဂျာမနီ၊ ဟန်ဂေရီ၊ ဒိန်းမတ်၊ နယ်သာလန်၊ ဆွီဒင်နှင့် ဆူရီနမ် အပါအဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် မေ ၂၇ ရက် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း Global Petrol Prices Website ၌ ဖော်ပြထားသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် မေ ၂၇ ရက်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ကွန်ဂိုနိုင်ငံသည် ယခုတစ်ပတ်တွင် ၆ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မက္ကဆီကိုနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း လေးနိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ အီဂျစ်၊ ပီရူး၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဘူလ်တန်၊ ကနေဒါ၊ ဂျော်ဒန်၊ ကင်ညာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၄ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် မေ ၂၇ ရက် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် မေ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၃၄ | ၁.၁၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၇ | ၁.၀၀ |
| ၃ | ထိုင်း | လီတာ | ၁.၂၇ | ၀.၈၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၉ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၇ | ၁.၈၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၁ | ၁.၀၁ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၀ | ၀.၉၉ |
| ၉ | လာအို | လီတာ | ၁.၄၉ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၁ | ၁.၀၈ |
| ၂ | ဂျပန် | လီတာ | ၁.၁၁ | ၀.၉၈ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၆၂၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၇၃၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၃၃၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၃၈၅ ကျပ် အသီးသီးဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၈၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၈၀၀၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၂၅၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၈၆၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၇၃၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၃၃၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၇၄၀၊ ဒီဇယ်တစ်လီတာလျှင် ၂၃၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၁၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀ ကျဆင်းလျက်ရှိကြောင်း သိရသည်။



## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန်နှင့် နှမ်းမျိုးစုံဈေးကွက် အရောင်းသွက်၍ ဈေးမြင့်လာ

မေလ နောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် အညာဒေသမှ မြေပဲဆန်များ ဝင်ရောက်နေပြီး မြေပဲလုံးဆန်များသည် ယခင်သီတင်းပတ်က ဈေးအေးနေရာမှ ယခုပတ်တွင် တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိခြင်းနှင့် စက်ပိုင်များမှ ဝယ်ယူနေသောကြောင့် အရောင်းသွက်၍ ဈေးမြင့်လာသည်။

မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၁၀၀ မှ ၅၀၀ ထိ မြင့်တက်လာကြောင်း သိရသည်။ နှမ်းအမျိုးအစားမှာ အရည်အသွေးအပေါ်မူတည်၍ ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခင်တစ်ပတ်ထက် အနိမ့်ဆုံး ကျပ် ၅၀၀၀ မှ အမြင့်ဆုံး ကျပ် ၈၅၀၀၀ ထိ မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၀၀၀ မှ ၇၃၀၀၊ ယခင်တစ်ပတ် ကျပ် ၆၅၀၀ မှ ၆၈၀၀၊ ယခင်လ ကျပ် ၇၆၀၀ မှ ၇၇၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မြင့်တက်လာပြီး ယခင်လထက် ကျပ် ၄၀၀ မှ ၆၀၀ နိမ့်ကျလာသည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၇၀၀၀ မှ ၇၃၅၀၊ ယခင်တစ်ပတ် ကျပ် ၇၀၀၀ မှ ၇၂၀၀၊ ယခင်လ ကျပ် ၆၇၀၀ မှ ၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၊ ယခင်လထက် ကျပ် ၃၀၀ မှ ၃၅၀ မြင့်တက်လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၃၀၀ မှ ၆၈၀၀၊ ယခင်တစ်ပတ် ကျပ် ၆၅၀၀ မှ ၆၇၀၀၊ ယခင်လ ကျပ် ၆၃၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀၊ ယခင်လထက် ကျပ် ၅၀၀ မြင့်တက်လာသည်။

နှမ်းနက်(စမုန်) ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၄၀၀၀၀ မှ ၄၆၀၀၀၀ ယခင်တစ်ပတ် ကျပ် ၃၇၅၀၀၀ မှ ၃၉၅၀၀၀၊ ယခင်လကျပ် ၃၅၅၀၀၀ မှ ၃၉၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၅၀၀၀၊ ယခင်လထက် ၆၅၀၀၀ မှ ၈၅၀၀၀ မြင့်တက်လာသည်။

နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၈၅၀၀၀ မှ ၃၉၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၇၅၀၀၀ မှ ၃၉၅၀၀၀၊ ယခင်လ ကျပ် ၃၆၅၀၀၀ မှ ၃၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀၀မှ ၂၅၀၀၀ မြင့်တက်လာသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၂၅၀၀၀ မှ ၄၃၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၂၀၀၀၀ မှ ၄၂၅၀၀၀၊ ယခင်လ ကျပ် ၃၉၅၀၀၀ မှ ၄၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက် ကျပ် ၃၀၀၀၀ မြင့်တက်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၀၅၀၀၀ မှ ၃၄၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၁၀၀၀၀ မှ ၃၁၅၀၀၀၊ ယခင်လ ကျပ် ၃၀၀၀၀၀ မှ ၃၀၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၃၀၀၀၀၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၄၀၀၀၀ မြင့်တက်လာသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ မေ ၁၈ ရက်မှ ၂၄ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၁ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၂၀ သန်းဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂၀ သန်း၊ သွင်းကုန်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆၉ သန်း ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၀ သန်း ပိုမိုခဲ့သည်။ ယခင်တစ်ပတ်ထက် ပို့ကုန်ပိုင်းတွင် ပိုမိုခြင်းမှာ ကော်ဖီစေ့၊ ငရုတ်သီးခြောက်နှင့် တံမြက်စည်းမွေး တင်ပို့မှု လျော့နည်းခဲ့သော်လည်း ပြောင်း၊ လိမ္မော်သီး၊ ကြက်သွန်နီ၊ Marble Stone Assorted၊ စက္ကူဖြတ်စ၊ ပလတ်စတစ်ဖြတ်စတို့ ပိုမိုတင်ပို့ခဲ့သောကြောင့်ဖြစ်သည်။

ယခင်တစ်ပတ်ထက် သွင်းကုန်ပိုင်းတွင် ပိုမိုခြင်းမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ လျော့နည်းတင်သွင်းခဲ့သော်လည်း ဘိလပ်မြေ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ အခြားစက္ကူများ၊ ဆေးဝါးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ တင်သွင်းမှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

# မေလအတွင်း ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေဩဇာ**

မေ ၁ ရက်မှ ၂၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၂၅၉ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၁၃၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် အိုမန်နိုင်ငံမှ တန်ချိန် ၇၂၀၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၅၀၀၀၀ ခန့်၊ ရုရှားနိုင်ငံမှ တန်ချိန် ၃၀၀၀ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၃၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၁၈၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၅၀၀ ခန့်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၂၃၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၄၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၃၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

နယ်စပ်မှ မေ ၁ ရက်မှ ၂၄ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၅ သန်း တန်ဖိုးရှိဘိလပ်မြေ



တန်ချိန် ၁၆၀၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

မေ ၁ ရက်မှ ၂၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅၀၁ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၄၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရက်စ်၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်မှ မေ ၁ ရက်မှ ၂၄ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ၃၁၃ သန်းတန်ဖိုးရှိဆေးဝါးပစ္စည်းတန်ချိန် ၆၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့ကြောင်းသိရသည်။

**အိမ့် (DOT)**

# ရော်ဘာနှင့် ပြောင်းတင်ပို့မှု အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော်ရရှိ

**ရော်ဘာ**

မေ ၁ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၈၂ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၇၃၀၀ ကျော် တင်ပို့ကြောင်း သိရသည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၈၂၇၀၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၆၆၇၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၁၉၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၀၀၊ ဂျပန်နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၆၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၃၁၅ တန်၊ ထိုင်ဝမ်သို့ ရော်ဘာတန်ချိန် ၂၀၀၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ကျော်နှင့် သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း ရော်ဘာတန်ချိန် အနည်းငယ်တင်ပို့ခဲ့သည်။

မေ ၁ရက်မှ ၂၄ ရက်ထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ရော်ဘာတန်ချိန် ၁၆၁၀ ကျော်နှင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ရော်ဘာ ၅၁၆ တန် တင်ပို့သဖြင့် စုစုပေါင်း ရော်ဘာတင်ပို့မှုတန်ချိန် ၂၁၂၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၉၃၂ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု တန်ချိန် ၁၉၄၂၀ ကျော်ရှိပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၂၆ ဒသမ ၈၁၄ သန်းရရှိသည်။

**ပြောင်း**

မေ ၁ရက်မှ ၂၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ် လာ ၆၈ ဒသမ ၀၆၂သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၀၂၇၉၀ ကျော် တင်ပို့ကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၁၁၅၁၄၀ကျော်၊ အိန္ဒိယနိုင်ငံသို့ ပြောင်းတန်ချိန် ၁၁၁၃၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၇၆၃၂၀ နှင့် စင်ကာပူနိုင်ငံသို့ ပြောင်းတန်ချိန် အနည်းငယ် တင်ပို့သည်။

မေ ၁ ရက်မှ ၂၄ ရက်ထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂၈၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၇၂၈၅၀ ကျော်တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှပြောင်းတင်ပို့မှု တန်ချိန် ၃၇၅၆၄၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၃၄၉ သန်းရရှိကြောင်း သိရသည်။

**DAAT**

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ မေ ၁၈ ရက်မှ ၂၄ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆၂ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၀၆ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆၈ သန်းဖြစ်သည်။

အနီးစပ်ဆုံး ယခင်တစ်ပတ်လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၈ သန်း လျော့နည်းပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၈ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၀ သန်း ပိုမိုခဲ့ခြင်းဖြစ်သည်။ ယခင်တစ်ပတ်ထက် ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုနှင့် စက်မှုကုန်ချောပစ္စည်း အုပ်စုတို့တွင် တင်ပို့မှုပိုမိုခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စုတို့တွင် တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်အနေဖြင့် ယခုတစ်ပတ်တွင် ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၆ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်း လျော့နည်းခဲ့သော်လည်း လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၃၃၅ သန်း ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ **အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၇-၅-၂၀၂၄)ရက်နေ့မှ (၂-၆-၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 955 |
| ငွေလဲနှုန်း | 2937 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,506,044 | 5.73 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 28,048,350 | 45.80 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 100,275,000 | 163.74 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,251,550 | 15.11 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 40,110,000 | 65.50 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 32,732,424 | 53.45 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 4 Day x ပြင်ပငွေလဲနှုန်း | 27,072,000 | 44.21 |
| | အထွေထွေစရိတ်ပေါင်း | | **310,954,258** | **507.77** |
| ၁၆ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **2,804,835,000** | **4,580.15** |
| | စရိတ်စုစုပေါင်း | | **3,115,789,258** | **5,087.92** |

# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887



# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com



GOLD LITE
Myanmar Office : No.(32), 7 Mile Hills, Parami Road, Corner of Pyay Road,
Mayangone Township, Yangon, Myanmar
Tel: (+951) 656 123
Sales Hotline: (+959) 400 888 600
Visit us at: www.goldlite.com.sg
SCHILLER
The Art of Diagnostics
care vision
Elekta
Canon
Multi Slice CT Scanner & MRI
CathLab & Angiography
Diagnostic Ultrasound Systems
General X Ray & Mobile X Ray
INFINITT
KONICA MINOLTA




ထိုင်းနိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့်
လေထီးတံဆိပ် ပရုတ်ဆီ
စိတ်နှစ်သက် ကြည်နူးဖွယ်ကောင်းသည့်
အနံ့အသက်များနှင့် ပြည့်စုံအောင်
အထူးဖော်စပ်ထားသော ဆေးပရုတ်ဆီအဖြူ
Somchitt Dispensary Co., Ltd.(Thailand) မှထုတ်လုပ်သည်။
Zar & Zar Co., Ltd.
မှဖြန့်ချိသည်။







**Yangon Showroom** - **No.2, Pyay Road, Hlaing Township, Yangon.**
**Mandalay Showroom** - **No.15, Between Theik Pan Street & 55th Street, Ye' Mon Taung Ward, Mahar Aung Myay Township, Mandalay.**



Vita-M တွင် လူတစ်ဦး၏ တစ်နေ့တာလိုအပ်နေသော Multi-Vitamins, Minerals နှင့်
Amino Acids ဓာတ်(၃၂)မျိုးတို့ အချိုးညီစွာ ပေါင်းစပ်ပါဝင်ပါသည်။
အားပြည့်လန်းဆန်း ကျန်းမာစေရန်...
Vita-M
သောက်သုံးသင့်သူများ
Distributed & Marketed By
SAN LWIN TRADING CO., LTD.
No.106, Kyike Ka San Road, Pyar Yay Gone (Q), Tamwe Township, Yangon, Myanmar
Tel: (95-1) 8604600~2 (3 Lines)
www.sanlwintrading.com
Hotline : 09 4540 6666 3



YEE SHIN PHARMA
FEVER COOLING PATCH
အဖျားကျ အအေးပလာစတာ
No.63, Satsantun Street, Kyaunggyisu Quarter, Taunggyi, Myanmar
FEVER COOLING PATCH
NO. 25/26, BOGYOKE AUNG SAN ROAD, BAHOSI HOUSING ESTATE, LANMADAW TOWNSHIP, YANGON, MYANMAR. TEL : 01- 2301460
NO(91), THIRI YADANAR SHOPPING COMPLEX, NAYPYITAW, MYANMAR TEL : 09 - 969 973 051
ZEGYO PLAZA, FIRST FLOOR, CORNER OF 26th & 85th STREET, CHAN AYE THAR ZAN, TOWNSHIP, MANDALAY, MYANMAR TEL : 09 - 977 917 574
NO.63, SATSANTUN STREET, KYAUNGGYISU QUARTER, TAUNGGYI, MYANMAR. TEL : 09 - 977 617 771



PRO
System & Networking Co., Ltd.
Authorised Distributor
EZ-IP
19"GERMANY
LINK
American Standard
EnGenius
Authorised Business Partner/Reseller
Cambium Networks
tp-link
alhua
TECHNOLOGY
Synology
CyberPower
Reliability. Quality. Value.
No.158/160, Ground Floor, 47th Street, Upper Block Botahtaung Township, Yangon.
showroom@praitmyanmar.com, www.proitmyanmar.com
Office : 09954556551 / 09954556552, Sales (Viber) : 09954556550
PRO System &



AYM
ရောမြေ
အထွေထွေရောင်းဝယ်ရေး
အမှတ်(၉/၇၆)၊ အသောကလမ်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။
01-3681189, 3682162, 3682413
09-96 511 3844, 09-79 62 62 620
ပိုဒေါင် – အမှတ်(၁၃၁)၊ ဆရာစံလမ်း၊ ဇုံ – ၂၊ လှိုင်သာယာ။
09-964682162

# Chat GPT AI ESlrefm

AI ဆိုသည်မှာ ဉာဏ်ရည်တုနည်းပညာဖြစ်သည်။ လူကဲ့သို့ အသိပညာ ထည့်သွင်းထားသည့် နည်းပညာဖြစ်သည်ဟုလည်း ယနေ့ခေတ်တွင် လူအများစုသိရှိကြပြီးဖြစ်မည် ထင်ပါသည်။ AI သည် လူများ နေ့စဉ်ထိတွေ့ အသုံးပြုနေသည့် ဖုန်း၊ ကွန်ပျူတာ စသည့်အရာများတွင် မရှိမဖြစ်အရေးပါသည့် နည်းပညာတစ်ခုလည်း ဖြစ်ရာ ယခုအခါ AI ကို အခြေခံပြီး ပေါ်ထွက်လာသည့် နည်းပညာမှာ Chat GPT ဟုခေါ်သည့် ဉာဏ်ရည်တုနည်းပညာကို အခြေခံပြီး လူသားများ၏ ဘာသာစကားများနှင့် စိတ်ခံစားချက်၊ အမူအကျင့်များကိုပါ ထည့်သွင်းအသုံးပြုထားပြီး လူသားများနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံနိုင်သည့် နည်းပညာတစ်ခုဖြစ်သည်။ Chat GPT သည် AI Language model တစ်ခုလည်းဖြစ်ပြီး Chat GPT ကို အသုံးပြုပြီး မေးခွန်းများ ဖြေဆိုခြင်း၊ စကားပုံများ ဖြေဆိုခြင်း၊ စကားအပြန်အလှန် ပြောဆိုနိုင်ခြင်းနှင့် သိလိုသည်များကို ရှာဖွေနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ မေးခွန်းတစ်ခုမေးလျှင် ၎င်းမေးခွန်းနှင့်သက်ဆိုင်သည့် Creative ဖြစ်တဲ့အဖြေများကို ပြန်လည်ထုတ်ပေးနိုင်စွမ်းရှိကြောင်း တွေ့ရှိရသည်။ ယခင် Google မှာ ရှာသကဲ့သို့ Resource တွေအများကြီးက Informations များ လိုက်စုနေစရာမလိုတော့ဘဲ ChatGPT က လိုတိုရှင်းပြီးထိရောက်သည့် အဖြေများ ပေးနိုင်ကြောင်း တွေ့ရှိရပြီး သိလိုသည်များနှင့် စပ်လျဉ်း၍လည်း အနီးစပ်ဆုံး အဖြေအထိ ထုတ်ပေးနိုင်သည့် နည်းပညာတစ်ခုအနေနှင့်လည်း တွေ့ရှိရသည်။

ယနေ့အချိန်တွင် များစွာသော အချက်အလက်များကို အခြေခံပြီး Chat GPT ကို ကိုယ်ပိုင်ဘာသာစကားဖြင့် ပြောဆိုအသုံးပြုနိုင်ကြပြီဖြစ်ရာ ဆောင်းပါးများရေးသားနိုင်ခြင်း၊ Academic Paper များအတွက် အသုံးပြုနိုင်ခြင်းနှင့် Social Media များနှင့် Online Forum များတွင် အသုံးပြုနိုင်ခြင်း စသည်တို့အပြင် စကားလုံး၊ စကားစုတို့ကိုလည်း အစီစဉ်တကျ ဖြစ်စေရန် စီစဉ်ပေးနိုင်သည့် နည်းပညာလည်းပါရှိသည့်အတွက် ယခုအခါ စီးပွားရေးလုပ်ငန်းများတွင်လည်းကောင်း ၊ ပညာရေးလုပ်ငန်းများတွင် လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှု APPLICATION များတွင်လည်းကောင်း ထည့်သွင်းရေးဆွဲလာကြပြီး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်အသုံးပြုရာတွင် ပိုမိုလွယ်ကူလာပြီး လူသားများကို အထောက်ကူပေးနိုင်သည့် နည်းပညာတစ်ခုဖြစ်လာနေသည်။

Chat GPT အသုံးပြုသည့်အခါ ဝက်ဘ်ဆိုဒ်လိပ်စာ https://chat.openai.com/ တွင် အကောင့်တစ်ခုဖွင့်ပြီး အလွယ်တကူ အသုံးပြုနိုင်သည်။ အီးမေးလ်အကောင့်တစ်ခုသာ ရှိရန်လိုအပ်ပြီး Chat GPT ကို အသုံးပြုသည့်အခါ ဖုန်း သို့မဟုတ် ကွန်ပျူတာ၏ Browser တစ်ခုခုမှ ဝက်ဘ်ဆိုက်ဒ်ကို ဝင်ပြီးအသုံးပြုခြင်းသည် အဆင်အပြေဆုံးဖြစ်သည်။

## အေးငြိမ်းစံ

**Chat GPT အသုံးပြုနိုင်သည့် အကျိုးကျေးဇူးများ**

၁။ အချိန်သက်သာခြင်း
- မေးခွန်းများကို မေးမြန်းရာတွင် လွယ်ကူလျင်မြန်စွာ ဖြေဆိုနိုင်ခြင်း
- တိကျသေချာသည့်နည်းပညာကိုအသုံးပြုသည့်အတွက် အချိန်ကုန်သက်သာခြင်းနှင့် ထိရောက်သော တိုးတက်မှုရှိခြင်း

၂။ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုရှိခြင်း
- Chat GPT အသုံးပြုပြီး ဝယ်ယူသူများမှ ၎င်းတို့သိရှိလိုသည်များကို လွယ်ကူလျင်မြန်စွာမေးမြန်းနိုင်ပြီး မေးခွန်းများအပေါ် လျင်မြန်စွာ အဖြေထုတ်ပေးနိုင်သည့်အတွက် ဝယ်ယူသူများ စိတ်ကျေနပ်မှု ရရှိစေခြင်း၊
- ၂၄နာရီ ခုနစ်ရက်လုံး ပိတ်ရက်မရှိ အသုံးပြုနိုင်သည့်အတွက် သိလိုသည်များကို သိလိုသည့်အချိန်တွင် မေးမြန်းနိုင်သည့် အကျိုးကျေးဇူးများရှိသည့်အပြင် မိမိဘာသာစကားကို ထည့်သွင်းအသုံးပြုနိုင်သည့်အတွက် ဘာသာစကား အခက်အခဲများကိုလည်း ကျော်လွှားနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်း၊

၃။ ထုတ်လုပ်နိုင်စွမ်းအား တိုးတက်လာခြင်း
- Chat GPTကို အသုံးပြုပြီး များစွာသောလုပ်ငန်းဆောင်တာများကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်သည့်အတွက် အချိန်တိုအတွင်း အလုပ်ပြီးမြောက်မှုရှိခြင်း၊

၄။ ကုန်ကျစရိတ်သက်သာခြင်း
- ဝယ်ယူသူသိရှိလိုသည်များကို အလိုအလျောက်ဖြေကြားပေးနိုင်သည့် စနစ်ဖြစ်သည့်အလျောက် ကျွမ်းကျင်အလုပ်သမား လိုအပ်ချက် နည်းပါးပြီး လုပ်ခလစာများ ချွေတာနိုင်ခြင်း၊
- Chate GPTကို တစ်ကြိမ် ရင်းနှီးမြှုပ်နှံရုံနှင့် ထိန်းသိမ်းစရာမလိုဘဲ အချိန်ကြာမြင့်စွာ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**Chat GPT အားနည်းချက်များ**

၁။ Chat GPT မှာ အဓိကအားနည်းချက်အနေဖြင့် တစ်ခုက ဘာသာစကား အားနည်းချက်ဖြစ်သည်။ မေးခွန်းများ ဖြေကြားရာတွင် ChatGPT ကိုအသုံးပြုခြင်း၏ အဓိကအားနည်းချက်များထဲမှ တစ်ခုမှာ GPTs များကို အင်တာနက်ပေါ်မှ data အချက်အလက်များနှင့် အယ်ဂိုရစ်သမ်များကို အဓိက အခြေခံပြီး ပြုစုထားခြင်းဖြစ်သောကြောင့် Chatbot အတွက် မတိကျသော အဖြေ များကို ရံဖန်ရံခါ ထုတ်ပေးနိုင်ခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် အချို့သော chatbot စကားဝိုင်းများသည် အကူအညီရယူရန် ကြိုးပမ်းနေသူများအတွက် စိတ်ပျက်အားငယ်မှုနှင့် ရှုပ်ထွေးမှုများ ဖြစ်ပေါ်နိုင်သည်။

၂။ Customer Service ဖြေကြားရာတွင် ရှုပ်ထွေးသော မေးခွန်းတောင်းဆိုမှုများကို ဖြေကြားနိုင်ခြင်းမရှိသေးဘဲ CUSTOMER များ အမေးများသည့် မေးခွန်းများပေါ်တွင်သာ အခြေခံ ပြုစုထားခြင်းဖြစ်သည့်အတွက် ဖြေကြားနိုင်စွမ်း အကန့်အသတ်ရှိကြောင်း တွေ့ရှိရသည်။

အထက်ပါ အားနည်းချက်များမှလွဲ၍ Chat GPT သည် ကျန်ရှာဖွေရေးအင်ဂျင်များထက် လုပ်ဆောင်နိုင်စွမ်း ပိုမို မြင့်မားသည်ဟု ဆိုနိုင်သည်ဖြစ်ရာ ယခုအချိန်တွင် မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှ ၎င်း၏ ရှာဖွေရေးအင်ဂျင် Bing တွင် Chat GPT ကို ပေါင်းထည့်ပြီး ပိုကောင်းအောင် လုပ်ဆောင်ဖန်တီးမှုများရှိနေပြီဖြစ်သည်။

Chat GPT အကောင့်ဖွင့်ပြီးလျှင် စတင်အသုံးပြုနိုင်သည့် ဝက်ဘ်စာမျက်နှာသို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်းစာမျက်နှာတွင် Chat GPT ကိုသုံးသည့် နမူနာပုံစံ၊ Chat GPT ၏ လုပ်ဆောင်နိုင်စွမ်းနှင့် မလုပ်ဆောင်သော အကန့်အသတ်များကို ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လုပ်ဆောင်နိုင်စွမ်းအနေဖြင့် စကား အဆက်အစပ်ကို နားလည်ခြင်း၊ AI ၏အဖြေတွင် အမှားရှိပါက အသုံးပြုသူကို ပြင်ဆင်ခွင့်ပေးခြင်းနှင့် အသုံးပြုသူမှ မသင့်လျော်သော မေးခွန်းများ မေးမြန်းသည့်အခါ ပြန်လည်ဖြေကြားပေးနိုင်ခြင်း မရှိကြောင်း၊ ငြင်းဆန်နိုင်ခြင်း စသည့်အချက်များကို ဖော်ပြထားကြောင်း တွေ့ရှိရသည်။ အကန့်အသတ်အနေဖြင့် ရံဖန်ရံခါတွင် အဖြေမှန်မဟုတ်သည့်အဖြေများကို ထုတ်ပေးနိုင်ကြောင်း၊ တစ်ခါတစ်ရံတွင် ဘက်လိုက်သည့် သတင်းအချက်အလက်များ ထုတ်ပေးနိုင်ကြောင်း၊ AI တွင် ၂၀၂၁ စက်တင်ဘာအထိသာ အချက်အလက်များ ထည့်သွင်းထားသည့်အတွက် ၂၀၂၁ နောက်ပိုင်း အချက်အလက်များနှင့် ပတ်သက်ပါက ဖြေကြားနိုင်ရန် အားနည်းကြောင်း open AI မှ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ယခုအခါ မြန်မာဘာသာစကားဖြင့်လည်း Chat GPT ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း တွေ့ရှိရပြီး မြန်မာဘာသာဖြင့် မေးမြန်းသည့်အခါ ပြန်လည်ဖြေကြားရန် အချိန်သည် သာမန်ထက် ပိုကြာကြောင်း တွေ့ရှိရကာ ပြန်လည်ဖြေဆိုသည့် အဖြေများမှာလည်း အခြေခံမေးခွန်းများကိုသာ ဖြေဆိုနိုင်ပြီး စိတ်ခံစားချက် (emotion)၊ များအား မှန်ကန်စွာ ဖြေဆိုနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ရာ AI ကိုအခြေခံပြီး ဖွံ့ဖြိုးလာသည့် နည်းပညာ အရင်းအမြစ်တစ်ခု၏ ကောင်းကျိုးရလဒ်အနေဖြင့် လူသားစွမ်းအင် အသုံးပြုမှုကို လျှော့ချနိုင်သလို ပညာရပ်၊ နယ်ပယ်ပေါင်းစုံအပေါ် အထောက်အပံ့ပြုနိုင်သော အလားအလာကောင်းသည့် Chat GPT နည်းပညာအကြောင်းကို သိရှိသမျှ လေ့လာရေးသား ဝေမျှလိုက်ရပါသည်။

**SOURCE-https://www.techtarget.com/ whatis/ definition/ ChatGPT**

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ မေလစတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်တွင် အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၃၀၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၁၂၀၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းမှာ အရောင်းအဝယ်အေး၍ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

**ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး**

ယခုတစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ကွန်ပေါင်း(Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်လျှင် ကျပ် ၈၇၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာအဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၆၅၀ ရှိခဲ့ပြီး မေ ၃၀ ရက်မှ ဇွန် ၃ ရက်ထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၂၂၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၂၁၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၂၀၀၊ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၈၃၀ ခန့် ဈေးနှုန်းတက်လာခဲ့သည်။

မေလ တတိယပတ်မှစ၍ မွန်ပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် ရော်ဘာခြံရှင်များအနေဖြင့် ရော်ဘာအစေးခြစ်ခြင်းကို ရပ်နားထားကြသည်။ မိုးမရွာသည့်နေ့များတွင် ရော်ဘာခြံရှင်အချို့မှာ အစေးခြစ်ခြင်းများကို လုပ်ဆောင်ကြကြောင်း သိရှိရသည်။ ရော်ဘာအထွက်နှုန်း လျော့နည်းသွားသဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာခြင်းဖြစ်သည်။ မော်လမြိုင်မြို့မှရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50kg ပါတစ်ထုပ်လျှင် ကျပ် ၁၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၅၀၀၀၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 kg ပါတစ်ထုပ်လျှင် ကျပ် ၃၀၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၆၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# “ပြည်တွင်းက ထုတ်လုပ်တဲ့ ကော်က စျေးအများကြီး သက်သာတယ်”

## ပစ်တိုင်းထောင် ရေကော်လုပ်ငန်းပိုင်ရှင် ဦးမိုးလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံးပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ပြည်တွင်းတွင် ထုတ်လုပ်လျက်ရှိသည့် နိုင်ငံခြားကော် အစားထိုးလုပ်ငန်းဖြစ်သည့် ပစ်တိုင်းထောင် ရေကော်လုပ်ငန်းပိုင်ရှင် ဦးမိုးလွင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ပစ်တိုင်း ထောင်ရေကော်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံလေး ရှင်းပြပေးပါဦး။**

ဒီလုပ်ငန်းကို ၂၀၁၉ ခုနှစ်မှာ စတင်လုပ်ဆောင်လာတာပါ။ ကိုဗစ်-၁၉ မဖြစ်ခင်ကာလလေးမှာ စတင်တည်ထောင်တာပါ။ ဒီလုပ်ငန်းက ကျွန်တော်တို့ပထမဦးဆုံးလုပ်ခဲ့တဲ့ လုပ်ငန်းလို့ ပြောလို့ရတယ်။ ဒီလုပ်ငန်းက အရင်တုန်းက ကျယ်ပြန့်မှု မရှိသေးဘူး။ ပြည်တွင်းကို နိုင်ငံခြားကလာတဲ့ကော်တွေလောက်သာ အသုံးပြုခဲ့တာကနေ ကျွန်တော်တို့ ဒီကော်ကို တီထွင်ဆန်းသစ်မှုအရ အားလုံးက လက်ခံလာတယ်။ သုံးလို့လည်းကောင်းတယ်။ မီးဘေးအန္တရာယ်လည်း ကင်းတယ်ပေ့ါနော်။ ဒီပစ္စည်းက မီးလောင်တာဘာညာမရှိဘူးပေ့ါနော်။ အခုလက်ရှိအချိန်မှာတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနေပြီလို့ ပြောလို့ရပါတယ်။

**ကုန်ကြမ်းရရှိမှုအခြေအနေလည်း သိပါရစေ။**

ကုန်ကြမ်းအနေနဲ့ကတော့ မြန်မာနိုင်ငံကထွက်တဲ့ ရော်ဘာရေကို အခြေခံပြီးတော့ လုပ်တယ်။ ကျန်တာကတော့ Chemical နဲ့ရောစပ်ပြီးတော့ ထုတ်လုပ်ရတာပေ့ါ။ ကုန်ကြမ်းကိုတော့ ပဲခူးတိုင်းဒေသကြီး အင်းတကော်၊ သထုံ၊ မော်လမြိုင်တို့ကနေဝယ်ပြီးတော့ ထုတ်လုပ်ပါတယ်။ လိုအပ်ရင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကိုအကူအညီတောင်းပါတယ်။ သူတို့ကလည်း လိုအပ်တဲ့အကူအညီကို ပေးပါတယ်။ ကုန်ကြမ်းရရှိမှုကတော့ အခက်အခဲမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ကော်ကိုသုံးမျိုးထုတ်လုပ်ပါတယ်။ ကတ္တီပါသုတ်တဲ့ကော်၊ ဖိုက်ဘာသုတ်တဲ့ကော်တစ်မျိုးထုတ်တယ်။ နောက်(Leather) သားရေ သုတ်တဲ့ကော်တစ်မျိုး ထုတ်ပါတယ်။

**ပြည်တွင်း စျေးကွက်ကို စတင်ထိုးဖောက်တဲ့နေရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

ပြည်ပကဝင်လာတဲ့ ကော်တွေကို စျေးကွက်ထိုးဖောက်နိုင်အောင် ကြိုးစားခဲ့ရတာကတော့ အများကြီးပါပဲ။ ဆုံးရှုံးမှုတွေလည်း အများကြီးပဲ။ မအောင်မြင်ခင်မှာတော့ ဒီလိုပဲ စမ်းသပ်ထုတ်လုပ်တယ်။ လုပ်ငန်းရှင်တွေကိုလည်း ကျွန်တော်တို့ကနေပြီးတော့ ကျွန်တော်တို့ပစ္စည်းလေး သုံးကြည့်ပါလား။ ကျွန်တော်တို့

> **နိုင်ငံတော်အနေနဲ့ အသေးစား၊ အလတ်စား လုပ်ငန်းတွေကို လေးတွေကို အတတ်နိုင်ဆုံး ကူညီပေးပါတယ်။ ငွေရေးကြေးရေးက အစပေ့ါနော်။ လိုအပ်ချက်ကတော့ မြေနေရာ ကျယ်ကျယ်ဝန်းဝန်း လုပ်ကိုင်လိုပါတယ်။ အဲလိုဆောင်ရွက်တဲ့အပေါ်မှာလည်း မြေနေရာ အခက်အခဲပေ့ါနော်။ လုပ်ငန်းအဆင်ပြေအောင်နဲ့ လုပ်ငန်းကိုင်ငန်း အဆင်ပြေတိုးတက်အောင် မြေနေရာလေးကို အမြန်ဆုံး ချပေးစေချင်တာပါ။**



ပစ္စည်းလေးကတော့ ဒီလိုအရည်အသွေးရှိတယ်။ ဒီလိုကောင်းတယ်ပေ့ါနော်။ ကော်ဆိုတော့ ကပ်အားလည်း ကောင်းတယ်။အနံ့အသက်လည်းမရှိဘူး။ မီးဘေးအန္တရာယ်လည်း မရှိဘူးဆိုတော့ ဒီလိုနဲ့ သိလာကြတော့ စိတ်ဝင်စားမှုများလာပြီး အခုထက်ထိ လုပ်ကိုင်ဆောင်ရွက်ရတာပေ့ါ။ စျေးကွက်မှာက နိုင်ငံခြားကော်နဲ့ ပြည်တွင်းကထုတ်လုပ်တဲ့ကော် အများကြီး ကွာဟမှုရှိတယ်။ ပြည်တွင်းက ထုတ်လုပ်တဲ့ကော်က စျေးအများကြီး သက်သာတယ်။ သုံးပုံပုံရင် ကျွန်တော်တို့က တစ်ပုံပဲစျေးရှိတာ။လုပ်တဲ့ကိုင်တဲ့အပေါ်မှာလည်း လိုက်မေးကြည့်တာ မြန်ဆန်တယ်၊ သွက်လက်တယ်။ လုပ်ကိုင်ရတာ အဆင်ပြေတယ်။ ဖိနပ်လုပ်ငန်းတွေကို လိုက်ကြည့်တယ်။ စုံစမ်းမေးမြန်းတယ်။ အကုန်အဆင်ပြေတယ်လို့ကြားရတယ်။ ဖိနပ်တစ်ရံမှာ နိုင်ငံခြားကော်ဆိုရင် တစ်ထောင်ဖိုး ကုန်တယ်။ ပြည်တွင်းထုတ်ကုန်ကော်ဆိုရင် ကျပ် ၃၀၀ ဖိုးပဲကုန်တော့ ၇၀၀ လောက် သက်သာသွားတယ်။ အဲဒါကြောင့် အကုန်လုံးက အားပေးကြတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပျဉ်းမနား၊ မော်လမြိုင်၊ ပုသိမ် အကုန်လုံးနီးပါး အမှာစာနဲ့ မှာကြတယ်။

**ပစ်တိုင်းထောင် ရေကော်လုပ်ငန်းက အသေးစား၊ အလတ်စား လုပ်ငန်းဖြစ်တဲ့အတွက် ဘယ်လိုမျိုး လိုအပ်ချက်တွေရှိမလဲ။**

လိုအပ်ချက်ကတော့ ကျွန်တော်တို့တွေအနေနဲ့က နေရာလေးတွေ အခက်အခဲရှိတယ်။ အရေးကြီးတာက နေရာပါ။ ၂၀၂၄ ခုနှစ်အစမှာ နေပြည်တော်မှာ ကျင်းပတဲ့ ရော်ဘာပရိုဂရမ်လေးလုပ်တာ ကျွန်တော့်ကို ဖိတ်ကြားလို့တက်ရောက်ခဲ့တယ်။ အဲဒီမှာလည်း တင်ပြခဲ့တာတွေရှိတယ်။ ကျွန်တော့်လုပ်ငန်းကတော့ ဒီလိုရှိပါတယ်။ ကျွန်တော်တို့ကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်ငန်းတွေတစ်စုတစ်စည်းတည်း လုပ်ကိုင်နိုင်အောင် မြေကွက်လေး ကျွန်တော်တို့ တောင်းဆိုတယ်။ တောင်းဆိုတဲ့အပေါ်မှာလည်း အထက်ကနေပြီးတော့ ရန်ကုန်တိုင်းကိုတော့ စာပို့လိုက်ပြီ။ ကျွန်တော့်ကိုတော့ မခေါ်သေးဘူး။ ဘယ်အချိန် ခေါ်မလဲတော့ မသိဘူးပေ့ါနော်။ အခက်အခဲကတော့ မြေနေရာရရှိဖို့ပါပဲ။ အဲ့ဒါလေးသာ ရသွားရင် အတိုင်းနဲ့အလွန်ပေ့ါ။ အခုက ထုတ်လုပ်တဲ့အခါမှာ လူလည်းများတယ်။ ပစ္စည်းတွေက ဒီမှာ တစ်စုတစ်စည်းတည်းထားလို့မရဘူး။ ဂိုထောင်ထဲမှာ သွားထားရတယ်။

**လက်ရှိစျေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်တဲ့အဆင့်ကို ရောက်ရှိနေပြီလား။**

စျေးကွက်လိုအပ်ချက်ကိုတော့ ထုတ်ပေးနိုင်ပြီလို့ ပြောလို့ရတယ်။ ကျွန်တော်တို့ လိုအပ်တဲ့အော်ဒါမှန်သမျှကို အကုန်ပို့ပေးတယ်။ အခုက ဘာဖြစ်လဲဆိုတော့ နေရာအခက်အခဲ ရှိတဲ့အတွက် သိုလှောင်မှု မလုပ်နိုင်သေးဘူး။ ကျွန်တော်တို့က သိုလှောင်မှုကိုထားချင်တာ တစ်လစာဆို တစ်လစာ။ နှစ်လစာဆို နှစ်လစာပေ့ါ။ အဲလိုမျိုးလုပ်မယ်။ စက်တွေလည်း ထည့်ရမယ်။ နောက်ကျွန်တော်တို့က ရေသန့်ဘူးအခွံတွေနဲ့ ပြန်ထည့်ရတာဆိုတော့ အဲရေသန့်ဘူးအခွံတွေကို ကိုယ့်စက်နဲ့ဆွဲချင်တယ်။ စက်တွေ အထိုင်ချချင်တယ်။ ရော်ဘာရေခွဲစက်တွေကိုလည်း စက်တွေနဲ့ လုပ်ချင်တယ်။ နေရာမရှိတဲ့အတွက် ဒါတွေကိုတော့ မလုပ်နိုင်သေးဘူး။ ကျွန်တော်တို့ ခွန်အား အင်အားနဲ့တော့ အတတ်နိုင်ဆုံးတော့ အကောင်းဆုံးဖြစ်အောင်ဆောင် ရွက်ထားပါတယ်။

**ရေကော်လုပ်ငန်းမှာ လုပ်သားအင်အား ဘယ်လောက်ရှိပါသလဲ။**

လောလောဆယ်မှာတော့ လုပ်သားအနေနဲ့ အယောက် ၂၀ နဲ့ ၂၅ ကြားကို အလုပ်အကိုင် အခွင့်အလမ်းပေးထားပါတယ်။ ကုန်ကြမ်းလုပ်တဲ့သူ စျေးကွက်နဲ့ သယ်ယူပို့ဆောင်ရေး အပိုင်းတွေရောဆိုတော့လေ။ သူတို့လေးတွေ အလုပ်အဆင်ပြေရင် မိသားစု စားဝတ်နေရေးလေးတွေ အဆင်ပြေကြတယ်။ လုပ်ငန်းကိုင်ငန်းလေးတွေ အခွင့်အလမ်းလေးတွေ ရလာနိုင်တယ်။ မိသားစုတစ်ဦးတစ်ယောက်ဆိုရင် အနောက်မှာ သုံးလေးယောက်တော့ ပါကြတာပဲလေ။ ဒါလေးတွေလည်း ကျွန်တော်တို့ လုပ်နိုင်သလောက် လုပ်ကိုင်ဆောင်ရွက်ပေးပါတယ်။

**အသေးစား၊ အလတ်စားလုပ်ငန်းတွေကို ဘယ်လိုမျိုး ကူညီပံ့ပိုးမှုတွေ လိုအပ်တယ်လို့ မြင်မိပါသလဲ။**

နိုင်ငံတော်အနေနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေကိုလေးတွေကို အတတ်နိုင်ဆုံး ကူညီပေးပါတယ်။ ငွေရေးကြေးရေးက အစပေ့ါနော်။ လိုအပ်ချက်ကတော့ မြေနေရာ ကျယ်ကျယ်ဝန်းဝန်းလုပ်ကိုင်လိုပါတယ်။ အဲလိုဆောင်ရွက်တဲ့အပေါ်မှာလည်း မြေနေရာ အခက်အခဲပေ့ါနော်။ လုပ်ငန်း အဆင်ပြေအောင်နဲ့ လုပ်ငန်း ကိုင်ငန်း အဆင်ပြေ တိုးတက်အောင် မြေနေရာလေးကို အမြန်ဆုံး ချပေးစေချင်တာပါ။ အခုက မိုးတွင်းကာလ ကျတော့မှာဆိုတော့လေ။ အဲဒီအချိန်မရောက်ခင် လုပ်ငန်းလေးတွေ လုပ်ကိုင်ချင်တာဖြစ်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အသေးစား၊ အလတ်စားလုပ်ငန်းတွေအတွက် ဇုန်တစ်ခုဖော်ဆောင်ပေးမယ်ဆိုလည်း ပိုပြီးတော့ အဆင်ပြေတာပေ့ါဗျာ။ ပိုပြီးအဆင်ပြေတယ်ဆိုရင် လုပ်ငန်းပေါင်းစုံက တစ်စုတစ်စည်းတည်း လုပ်မယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းတွေလည်း ပြဿနာမရှိတော့ဘူးပေ့ါ။ အခုက အသေးစား၊ အလတ်စား လုပ်ငန်းတွေက ရပ်ကွက်ထဲမှာပဲ လုပ်နေရတော့ ရပ်ကွက်နေ ပြည်သူတွေကလည်း သူ့အလုပ်နဲ့သူ၊ ကိုယ့်အလုပ်နဲ့ကိုယ့်လေ။ တစ်ခါတစ်လေကျရင် အဆင်ပြေတာရှိသလို အဆင်မပြေတာလည်း ရှိတယ်လေ။ အဲဒါကြောင့် ကျွန်တော်တို့ အသေးစား၊ အလတ်စား လုပ်ငန်းတွေကို တစ်နေရာတည်းမှာ စုစုစည်းစည်းနဲ့ ချထားပေးမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ကောင်းတာပေ့ါဗျာ။

တိုပွ

# သဘာဝအခြေခံ ကွမ်းသီးဖတ်ပန်းကန်ပြား

ယုယုအောင် (CTQM)

ကမ္ဘာကြီး၏လေထု၊ ရေထု၊ မြေထု အလွှာအသီးသီးတွင် ညစ်ညမ်းမှုအရှိန်များ လျှော့ချနိုင်ရန် နည်းလမ်းမျိုးစုံရှာဖွေနေသော ယနေ့ခေတ်တွင် သဘာဝစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချခြင်းသည် တန်ဖိုးရှိသောအယူအဆ (Concept) တစ်ရပ်ဖြစ်သည်။ သဘာဝစွန့်ပစ်ပစ္စည်းကို ပြန်လည်အသုံးမချနိုင်ပါက ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်စေနိုင်မည်ဖြစ်သည်။

သဘာဝစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချခြင်းကြောင့် အခြားကုန်ကြမ်းပစ္စည်းများ အသုံးချမှုကို လျှော့ချနိုင်ခြင်း၊ စွန့်ပစ်ရာတွင် ဆွေးမြည့်ပြိုကွဲလွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲမျိုးစုံအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဆိုးကျိုးများကို လျော့ကျနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေသည်။ ထို့ကြောင့် စွန့်ပစ်မှုလျှော့ချခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse)နှင့်ထုတ်ကုန်အသစ်ထုတ်လုပ်မှု (Recycle) ဆောင်ရွက်ခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်သစ်များ ပြောင်းလဲထုတ်လုပ်နိုင်ရေး အလေးပေးဆောင်ရွက်နေကြခြင်းဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန်ဆိုသည်မှာ ကုန်ကြမ်းတွေကို အဆင့်မြှင့်တင်ပြီး စွန့်ပစ်ပစ္စည်းများကို လျှော့ချရုံမျှမက တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ကုန်ချောထုတ်လုပ်၍ စားသုံးသူလက်ထဲရောက်အောင် ပြုပြင်ပြောင်းလဲပေးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဥပမာအနေဖြင့် ကြိမ်ပင်က ရရှိသည့်ကြိမ်သားကို အိမ်သုံး ပရိဘောဂပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ အစရှိသည်ဖြင့် ပြုလုပ်ခြင်းသည် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းဖြစ်သည်။

တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products) အနက် တစ်ခါသုံး တန်ဖိုးမြှင့် ထုတ်ကုန်ဖြစ်သည့် ကွမ်းသီးဖတ်ပန်းကန်နှင့် မိတ်ဆက်ပေးလိုသည်။ ကွမ်းသီးပင်မှ စွန့်ပစ်ပစ္စည်းအဖြစ် ထွက်ရှိလာသည့် ကွမ်းသီးဖတ်များမှတစ်ဆင့် လူသုံးကုန်ပစ္စည်း ပန်းကန်အဖြစ်သို့ ပြုပြင်ပြောင်းလဲထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းတစ်ခု ဖြစ်သည်။

ကွမ်းသီးဖတ်ပန်းကန်များပြုလုပ်ရန် ကုန်ကြမ်းများ စုဆောင်းရာတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးရာသီရှိသည့်အနက် နွေနှင့် ဆောင်းတွင်းကာလများတွင် ကုန်ကြမ်းများကို ဝယ်ယူစုဆောင်းသည်ဟု လေ့လာချက်အရသိရသည်။ ကွမ်းသီးဖတ်ကုန်ကြမ်းများကို ဝယ်ယူရာတွင် အပင်မှခုတ်ထားသော ကွမ်းသီးဖတ်ကို မယူဘဲ သဘာဝအတိုင်းကြွေကျ၍ ခြောက်သွေ့ကောင်းမွန်သန့်စင်သော ကွမ်းသီးဖတ်များကိုသာ ဝယ်ယူကြောင်း သိရသည်။ ကွမ်းသီးဖတ်ပန်းကန် ပြုလုပ်ပုံအဆင့်ဆင့်မှာ ယေဘုယျအားဖြင့် ဦးစွာပထမ ကွမ်းသီး ဖတ်များကို စုဆောင်းပြီးနောက် သန့်ရှင်းအောင်ပြုလုပ်သည်။ သန့်ရှင်းအောင် ပြုလုပ်ရာတွင် ဖုန်မှုန့်နှင့်အခြားသော အကျိုးအပဲ့၊ အပျက်အစီးများကို ဖယ်ရှားရန်အတွက် ကွမ်းသီးဖတ်များကို ရေနှင့်စင်ကြယ်အောင် သေချာဆေးကြောသည်။ ရေဆေးပြီးနောက်တွင် ရေစင်အောင်သေချာပြန်စစ်ရန် လိုသည်။ သို့မှသာ ကွမ်းသီးဖတ်များကို ပုံစံခွက်(mold)ထဲသို့ ထည့်သွင်းပုံဖော်ရာတွင် အစေးများ ထွက်ခြင်းမရှိဘဲ ရရှိလာသည့် ကုန်ချောပန်းကန်များတွင် အစင်းကြောင်းများ ကင်းစင်ပြီး ချောမောသေသပ်လှပသော ပန်းကန်များ ရရှိမည်ဖြစ်သည်။ ကွမ်းသီးဖတ်များကို ဆေးကြောသန့်စင်ရာတွင်လည်း ဓာတုပစ္စည်းဆေးဝါးများ သုံးစွဲထားခြင်းမရှိသည့်အတွက် ပိုမိုခိုင်ခန့်မှုရှိသည်။ ၎င်းကွမ်းသီးဖတ်များကို သဘာဝလေဖြင့် အခြောက်ခံသည်။ တစ်ချိန်တည်းမှာ ပင် အခြောက်ခံပြီးသား ကွမ်းသီးဖတ်များကို လက်ဖြင့်ဆွဲဖြန့်ပေးပြီး ညီညာသွားအောင် ပြုလုပ်ပေးရသည်။ ထိုနောက် ပန်းကန်ပုံသဏ္ဌာန်ရရှိဖို့အတွက် ကွမ်းသီးဖတ်များကို အပူဖိအားပေးစက် (Heat Press)ကိုသုံး၍ ပုံဖော်ရသည်။ အပူဖိအားပေးစက် (Heat Press)ကို သုံးရာတွင် လိုချင်သည့်ပန်းကန်အရွယ်အစား၊ ပုံစံအမျိုးအစား၊ ပုံသဏ္ဌာန်ပေါ်မူတည်၍ အပူချိန်နှင့် အချိန် (Temperature and Time)ကိုညှိပေးရန် လိုအပ်သည်။ ပြီးနောက် ရရှိလာသော ကုန်ချောပန်းကန်များကို အနားသတ်လေးတွေ ညှိပေးရသည်။

ယင်းတန်ဖိုးမြှင့်ထုတ်ကုန် (value added product) တစ်ခါသုံး ကွမ်းသီးဖတ်ပန်းကန်ကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိသည်။

ထို့ပြင်ရရှိလာသော ကုန်ချောကွမ်းသီးဖတ်ပန်းကန်များကို သိုလှောင်(storage)ရာတွင်လည်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှု (Direct of Sunlight)ရှိသည့်နေရာနှင့် အစိုဓာတ် (Moisture) များသည့်နေရာများတွင် မထားသင့်ပါ။ ၎င်းပန်းကန်များကို အေးပြီးခြောက်သွေ့၍ ပုံမှန်အခန်းအပူချိန်ရှိသောနေရာတွင် ထိန်းသိမ်းထားမည်ဆိုပါက ယင်းကွမ်း သီးဖတ်ပန်းကန်များ၏သက်တမ်း(Shelf-life) တစ်နှစ်မှ သုံးနှစ်အထိ ကြာရှည်ခံမှုရှိကြောင်း လေ့လာချက်အရတွေ့ရသည်။

ယနေ့ခေတ်ကာလတွင် စားသောက်ဆိုင်များ၊ မုန့်ဆိုင်များတွင် တစ်ခါသုံး ပလတ်စတစ်ပန်းကန်များကို တွင်ကျယ်စွာ အသုံးပြုလာကြသည်ကို တွေ့နိုင်သည်။ တစ်ခါသုံး ပန်းကန်များဟုဆိုရာတွင် အမျိုးအစား မြောက်မြားစွာရှိသည်။ စားသောက်ဆိုင် အသေး(Small Restaurants) များတွင် အသုံးပြုသည့်အပြင် ကုမ္ပဏီများ၊ ထမင်းစားခန်းများတွင် သစ်သီးဝလံများ အလှထည့်စရာ ပန်းကန်အဖြစ်လည်း အသုံးပြုကြသည်။

တစ်ခါ သုံး ကွမ်းသီးဖတ်ပန်းကန်နှင့် တစ်ခါသုံး ပလတ်စတစ်ပန်းကန်ကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကွမ်းသီးဖတ်ပန်းကန်သည် သဘာဝပစ္စည်းများမှ ထုတ်လုပ်ထားသည့်အတွက် ဆွေးမြည့်ပြိုကွဲလွယ်ပြီး ပလတ်စတစ်ပန်းကန်ကို ဓာတုပစ္စည်းများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားရှိသည့်အတွက် မြေဩဇာအဖြစ်သို့ အပြည့်အဝ ပြန်လည်ရောက်ရှိရန် ကြာမြင့်ပြီး ဓာတုအကြွင်းအကျန်များကြောင့် ပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းမှုများစွာရှိနေနိုင်သည်။

ကွမ်းသီးဖတ်ပန်းကန်များသည် သဘာဝမှရရှိသည့် အော်ဂဲနစ်ပစ္စည်း(Organic) ဖြစ်သည့်အတွက် အချိန်တိုအတွင်း မြေဩဇာအဖြစ်သို့ တစ်ဖန်ပြန်လည်ဖြစ်ပေါ်စေသည်။ ထို့ပြင် အသုံးပြုခြင်းနှင့် သယ်ယူပို့ဆောင်ရာတွင်လည်း ရိုးရှင်းလွယ်ကူပြီး ပြည့်ဝစွာပြန်လည်၍ ဆွေးမြည့်နိုင်သောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချခြင်းဖြင့် အကျိုးပြုနိုင်သည်။ ကွမ်းသီးဖတ်ပန်းကန်များသည် အလွန်မာကျောပြီး ပူသော အစားအစာများကို ထည့်သွင်းအသုံးပြုရာတွင်လည်း ကောင်းစွာခံနိုင်ရည်ရှိသည့်အပြင် ပျော့ခြင်း၊ ကွဲထွက်သွားခြင်း မရှိသည်ကိုလည်း တွေ့ရှိရသည်။ ထို့အပြင် အသုံးပြုပြီး၍ စွန့်ပစ်သောအခါတွင်လည်း ဆွေးမြည့်ပျက်စီးလွယ်၍ သဘာဝဂေဟစနစ် (Ecosystem)ကိုအကျိုးပြုသည့် ထုတ်ကုန် တစ်ခုဖြစ်အောင် ဖန်တီးထုတ်လုပ်ထားသည်ဟုလည်း လေ့လာချက်များအရ သိရသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) လုပ်ငန်းများကို အလေးထား မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပြပွဲများ (Myanmar MSMEs products Exhibition) ကျင်းပ၍ အမျိုးသားဆု(National Awards)များ ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကိုပိုမိုဖြစ်ပေါ်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီသည်အထိ အရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်း၌သာမက ပြည်ပဈေးကွက်ထိ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေကိုလည်း တိုး တက်စေမည်ဖြစ်သည်။ တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့်လည်း နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးအတွက် အထောက်အပံ့ကောင်း တစ်ခု ဖြစ်နိုင်သည်။

သို့ဖြစ်ပါ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သင့်သည်။ တစ်ခါသုံး ကွမ်းသီးဖတ်ပန်းကန် တန်ဖိုးမြှင့်ထုတ်ကုန်ကို ပြည်တွင်း၌သာမက ပြည်ပထိ တင်ပို့ရောင်းချလျက်ရှိရာ အာဖလာတော့ဆင် (Aflatoxin)မှိုဆိပ်ပါဝင်မှု ရှိ/မရှိ စမ်းသပ်စစ်ဆေးပြီး မှိုဆိပ်ကင်းစင်မှုရှိမှသာ တင်ပို့ရသည့်အတွက် ယင်းထုတ်ကုန်ပစ္စည်းကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည်။

တစ်ခါသုံး ကွမ်းသီးဖတ်ပန်းကန်များ ထုတ်လုပ်ရာတွင် ဓာတုပစ္စည်း (Chemicals)များကို အသုံးပြုထားခြင်းမရှိသည့်အတွက် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည့်ထုတ်ကုန်တစ်ခုဖြစ်သည်။ ယနေ့ခေတ်ကာလတွင် ပြည်သူအများစုသည် ကျန်းမာရေးကို အလေးထားလာကြသည်နှင့်အညီ သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမှုရှိသော ထုတ်ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူ သုံးစွဲလာတတ်ကြသည်။

သို့ဖြစ်ပါ၍ တစ်ခါသုံး တန်ဖိုးမြှင့်ထုတ်ကုန် ကွမ်းသီးဖတ်ပန်းကန်သည် စွန့်ပစ်ပစ္စည်းကို လျှော့ချနိုင်ခြင်း (Reduce)၊ ပြန်လည် အသုံးပြုနိုင်ခြင်း (Reuse) ပြုပြင်ပြောင်းလဲခြင်းဖြင့် ထုတ်လုပ်ထားခြင်း (Recycle)နှင့် သဘာဝပတ်ဝန်းကျင်ကိုပါ အကျိုးပြုနိုင်သော ထုတ်ကုန်ပစ္စည်း တစ်ခုဖြစ်ပါကြောင်း စားသုံးသူပြည်သူများ သိရှိနိုင်စေရန်နှင့် ဝယ်ယူအားပေးနိုင်ပါရန် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ရပါသည်။









# ကမ္ဘောဒီးယားနိုင်ငံ၏လမ်းများ အဆင့်မြှင့်တင်ရန် တောင်ကိုရီးယားဘဏ်က ချေးငွေထုတ်ချေးပေး

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မေ ၁၇ ရက်က တောင်ကိုရီးယားနိုင်ငံ၏ သမ္မတ ယွန်ဆုခ်ယော်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်မက်နက်တို့အကြား ကျင်းပသော နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၏ လမ်းများ အဆင့်မြှင့်တင်ရေးအတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကို နိုင်ငံပိုင်ဘဏ် ဖြစ်သည့် ပို့ကုန်သွင်းကုန်ဘဏ် (Eximbank) မှ ထုတ်ချေးပေးရန် သဘာတူစာချုပ် ချုပ်ဆိုခဲ့ကြ သည်။ အဆိုပါစာချုပ်တွင် Eximbank ဥက္ကဋ္ဌ Mr. Yoon Hee-sung နှင့် ကမ္ဘောဒီးယားနိုင်ငံ စီးပွား ရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. ROS Seilava တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တောင်ကိုရီးယား နိုင်ငံ၏ ဘဏ္ဍာရေး အကူအညီ အစီအစဉ်များကို တာဝန်ယူဆောင်ရွက်ရန် တောင်ကိုရီးယားနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အာဏာ အပ်နှင်းခံထားရသော Eximbank သည် ကမ္ဘော ဒီးယားနိုင်ငံအတွက် ချေးငွေကို စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (Economic Development Cooperation Fund-EDCF) မှ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ယခုဆောင်ရွက်သည့် EDCF အစီအစဉ် အရ ချေးငွေထုတ်ပေးသည့် ပမာဏသည် စုစု ပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံ နီးပါးရှိရာ ကမ္ဘောဒီးယားနိုင်ငံသည် တောင်ကိုရီး



ယားနိုင်ငံ EDCF ၏ တတိယမြောက်အကြီးဆုံး မိတ်ဖက်နိုင်ငံဖြစ်ပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ရေအရင်းအမြစ် စသည့် အမျိုးမျိုးသော ဧရိယာများစွာတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက ရှိသည်။

ယခုထုတ်ပေးသောချေးငွေသည် ကမ္ဘော ဒီးယားနိုင်ငံ၏ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုစီမံကိန်းတစ်ခုဖြစ်သည့် ပဥ္စဂံမဟာဗျူဟာ (Pentagonal Strategy) နှင့်အညီ ရေးဆွဲထား သည့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးအခြေခံ အဆောက်အအုံ စီမံကိန်းအတွက် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်သည်။ ယခုစီမံကိန်းအရ ကမ္ဘောဒီးယားနိုင်ငံ၏ တောင်ပိုင်းပြည်နယ် ခြောက်ခုရှိ ကီလိုမီတာ ၃၉၁ နီးပါးအရှည်ရှိ လမ်း ကြောင်း ၃၇ ခုကို ပြင်ဆင်ထိန်းသိမ်းသွားမည်ဖြစ် သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် အဆိုပါပြည် နယ်များတွင် လမ်းပန်းဆက်သွယ်မှု ချောမွေ့လာ ပြီး ဒေသနေပြည်သူများ၏ အသက်မွေးဝမ်း ကျောင်းမှုကို ပိုမိုအဆင်ပြေစေနိုင်မည်ဖြစ်သည်။

အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ကို ကမ္ဘောဒီးယားနိုင်ငံသို့ ချေးငွေထုတ်ချေးပေးသည့် ယခုစာချုပ်သည် တောင်ကိုရီးယား-ကမ္ဘောဒီး ယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတံတား တည် ဆောက်ခဲ့သည့် ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံး ဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ် သည်ဟု Eximbank ဥက္ကဋ္ဌ Mr. Yoon Hee-sung က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း ဟန်ချက်ညီ သည့် ဒေသဖွံ့ဖြိုးမှုအတွက် အကူအညီပေးခြင်း သည် တောင်ကိုရီးယားနိုင်ငံရှိ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ပြည်ပသို့ ခြေဆန့်၍ အတွေ့အကြုံ ရယူနိုင်ရေး အတွက် အထောက်အကူတစ်ခုဖြစ်နိုင်မည်ဟု မျှော်လင့်ကြောင်း ဥက္ကဋ္ဌ Mr. Yoon Hee-sung က ပြောကြားခဲ့သည်။

ထိပ်သီးဆွေးနွေးပွဲကာလအတွင်း တောင် ကိုရီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေး နှင့် ဘဏ္ဍာရေးဝန်ကြီး တာဝန်ယူထားသည့် Mr. Choi Sang-mok နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး တာဝန်များ ယူထားသူ Mr. SOK Chenda Sophea တို့သည် ကမ္ဘောဒီးယားနိုင်ငံအား တောင်ကိုရီးယားနိုင်ငံ ၏ EDCF Framework Arrangement (စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံ ငွေမူဘောင် သဘောတူညီချက်) မှ သက်သာသော ချေးငွေ (Concessional Loan) ထုတ်ပေးမှုပမာဏ ကို မြှင့်တင်နိုင်ရေးအတွက်လည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက် အရ Concessional Loan ကို အမေရိကန်ဒေါ်လာ ၁ဒသမ ၅ ဘီလီယံမှ ၃ ဘီလီယံအထိ တိုးမြှင့်သွား မည်ဖြစ်ပြီး ချေးငွေထုတ်ပေးမှုကာလကိုလည်း ၂၀၂၂-၂၀၂၆ မှ ၂၀၂၂-၂၀၃၀ အထိ တိုးမြှင့်ပေးခဲ့ သည်။

**Source https://www.koreaherald.com**

**ပပ (စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

# ကြက်သွန်နီတင်သွင်းမှုကို ဇူလိုင်လကုန်ထိ ဖိလစ်ပိုင် ရပ်ဆိုင်းသွားမည်ဖြစ်

ဖိလစ်ပိုင်နိုင်ငံတွင် ပြည်တွင်း ကြက်သွန်နီလက်ကျန်ပမာဏ လုံလောက်မှုရှိနေပြီး ဈေးနှုန်းလည်း တည်ငြိမ်နေသည့်အတွက် ကြက်သွန်နီတင်သွင်းမှုအား ဇူလိုင်လအထိ ရပ်ဆိုင်းသွားမည်ဖြစ် ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက မေ ၂၀ ရက်တွင် ထုတ်ပြန် ပြောကြားခဲ့သည်။

ကြက်သွန်နီ အအေးခန်းသိုလှောင်ထားရှိမှု အခြေအနေမှာ လည်း သတ်မှတ်ထားသည့်ပမာဏတွင် ရောက်ရှိနေပြီဖြစ်ပြီး လက် လီဈေးကွက်ဈေးနှုန်းမှာလည်း ကျဆင်းနေသဖြင့် တင်သွင်းမှုရပ် ဆိုင်းခြင်းကို သက်တမ်း ထပ်မံတိုးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြထား သည်။

ကြက်သွန်နီသိုလှောင်ထားရှိသည့် ကုန်သည်များကြောင့် ပြည်တွင်း ကြက်သွန်နီလိုအပ်ချက် ဖြစ်ပေါ်လာခြင်း၊ ဈေးနှုန်းမြင့် တက်လာခြင်းတို့ ကြုံတွေ့ပြီး လိုအပ်လာပါက တင်သွင်းမှုအား တစ်ဖန်ပြန်လည်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဝန်ကြီး ဌာနအနေဖြင့် ဈေးကွက်အခြေအနေအား မျက်ခြည်မပြတ် စောင့် ကြည့်နေကြောင်း ပြောကြားထားသည်။

ပြီးခဲ့သော ဇန်နဝါရီလက စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြည်တွင်း လိုအပ်ချက် ပြည့်မီနေသေးသဖြင့် ကြက်သွန်နီ တင်သွင်းခြင်းကို မေလကုန်ထိ ရပ်ဆိုင်းထားကြောင်း ထုတ်ပြန်ခဲ့ပြီး ယခုထပ်မံ၍ ဇူလိုင်လထိ သက်တမ်းတိုး ထုတ်ပြန်ခြင်းဖြစ်ပါသည်။ ကြက်သွန်နီ စိုက်ပျိုးရိတ်သိမ်းမှုပမာဏနှင့် တင်သွင်းခဲ့သည့် ၉၉ တို့အား ပေါင်း ပါက ပြည်တွင်းကြက်သွန်နီ လက်ကျန်ပမာဏမှာ ပိုလျှံနေကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှ နောက်ဆုံးစောင့်ကြည့်ခဲ့မှု အခြေ အနေအရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက တင်သွင်းခွင့်ပြုခဲ့သည့် ကြက် သွန်နီများသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ် တို့တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဈေးနှုန်းလည်း တည်ငြိမ်နေကြောင်း၊ ကြက်သွန်နီလက်လီဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို ၆၀ မှ ၇၀ ကြား (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀ ဝန်းကျင်ခန့်) ရှိပြီး ကြက်သွန်ဖြူ ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို ၆၀ ခန့်ရှိကြောင်း ဖော်ပြပါရှိ သည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး၊ မနီလာမြို့)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ဖုန်း-၀၁ ၃၈၅၃၂၃ အီးမေးလ်-mitcmyantrade@gmail.com
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၁ ၉၆၆၉၉၅၉ အီးမေးလ်-mhcyangon@gmail.com

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ဘုရင့်နောင် ကုန်စည်ဒိုင်နှင့် ရွှေပိတောက်ငါးဈေးရှိ ကုန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ မေလ စတုတ္ထပတ်အတွင်း ဆိပ်ဖြူ၊ မြင်းခြံ၊ ရွှေဘိုဒေသတို့မှ ကြက်သွန်နီ ပိဿာ ၇၈၀၀၀၀ ဝင်ရောက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စီးထွက်မှုရှိကြောင်း သိရသည်။ ကြက်သွန်နီ လက်ကျန်မှာ ၃၁၂၀၀၀ ကျန်ရှိကြောင်း ကုန်စည်ဒိုင်များမှ သိရှိရသည်။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၁၆၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၂၁၀၀၊ အကြီးမှာ ကျပ် ၂၂၀၀၊ ရှယ်မှာ ကျပ် ၂၃၀၀၊ မြင်းခြံ ကြက် သွန်နီ(အသစ်) အချော တစ်ပိဿာ ကျပ် ၁၉၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၂၂၀၀၊ အကြီးမှာ ကျပ် ၂၃၀၀၊ ရှယ်မှာ ကျပ် ၂၄၀၀၊ ရွှေဘို ကြက်သွန်နီ (အသစ်)အချော တစ်ပိဿာ ကျပ် ၁၇၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၂၃၀၀၊ အကြီးမှာ ကျပ် ၂၄၀၀၊ ရှယ်မှာ ကျပ် ၂၅၀၀ ဈေးတို့အသီးသီးရှိကြောင်း သိရသည်။

အခြေခံစားသောက်ကုန်များ၏ တစ်ပိဿာဈေးနှုန်းများမှာ ကြက်သွန်ဖြူ (ကြူကုတ်-ရှယ်) ကျပ် ၁၂၀၀၀ မှ ၁၁၈၀၀၊ ကြက်သွန်ဖြူ(အောင်ပန်းထူး-၂) ကျပ် ၉၅၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ(အောင်ပန်း ထူး-၃) ကျပ် ၁၀၅၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူ (အောင်ပန်း ထူး-၄) ကျပ် ၁၁၀၀၀၊ ကြက် သွန်ဖြူ (အောင်ပန်း ထူး-၅) ကျပ် ၁၅၀၀၀၊ ငရုတ်သီး (ဆင်ဖြူကျွန်း-ပု) ကျပ် ၁၁၅၀၀ မှ ၁၂၅၀၀ ထိလည်းကောင်း၊ ငရုတ်သီး(ပန်းရဲ-သစ်) ကျပ် ၅၅၀၀ မှ ၅၈၀၀၊ ငရုတ်သီးမြွားနီ ကျပ် ၄၈၀၀ မှ ၅၅၀၀ ထိလည်းကောင်း၊ မန်ကျဉ်းသီး တစ်ပိဿာလျှင် ကျပ် ၃၄၀၀ မှ ၃၅၀၀၊ မန်ကျည်းသီး (အသား) တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၅၀၀၊ မန်ကျည်းသီး (ရမည်းသင်း) (ခေါးစင်း) တစ်ပိဿာလျှင် ၃၂၀၀ မှ ၃၃၀၀၊ ကြံသကာ (အိတ်သွတ်စ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ကြံသကာ(သစ်) တစ်ပိဿာလျှင် ကျပ် ၄၁၀၀ မှ ၄၂၀၀၊ သကြား (ပြည်တွင်း) တစ်ပိဿာလျှင် ကျပ် ၄၆၀၀၊ ထန်းလျက် (တောင်သာ) ကျပ် ၄၄၅၀ မှ ၄၅၀၀၊ ထန်းလျက် (ညောင်ဦး) တစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ၄၂၀၀၊ ရေစကြို ထန်းလျက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၆၁၀၀ ထိ လည်းကောင်း၊ အာလူး (တရုတ်-A1) တစ်ပိဿာလျှင် ကျပ် ၁၈၀၀၊ အာလူး (တရုတ်-OK) တစ် ပိဿာလျှင် ကျပ် ၂၂၅၀၊ အာလူး (တရုတ်-S1) တစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ အာလူး (တရုတ်-S2) တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ ကြက်သွန်နီ (ဆိပ်ဖြူ)(သစ်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ အသီးသီး ဖြစ်ပေါ်ခဲ့ပြီး ကြက်သွန်ဖြူ (အောင်ပန်း)နှင့် အာလူးဈေးနှုန်းများ အနည်းငယ် တက်လျက်ရှိပြီး ကျန်အခြေခံစားသောက်ကုန်ဈေးနှုန်းများ ဈေးနှုန်းအနည်းငယ်သာ အတက်အကျရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အတွင်းရှိ ရွှေပိတောက် ငါးဈေးသို့ မေလ စတုတ္ထပတ်အတွင်း ဝင်ရောက်ခဲ့သော ရေချိုငါးများ၏ တစ်ပိဿာဈေးနှုန်းများမှာ ငါးမြစ်ချင်း ကျပ် ၃၀၀၀ မှ အမြင့်ဆုံး ကျပ် ၈၀၀၀၊ ငါးကြင်း ကျပ် ၅၀၀၀ မှ ၁၃၀၀၀၊ ငါးသလောက် ကျပ် ၉၅၀၀ မှ ၄၅၀၀၀၊ ငါးခေါင်းပွ ကျပ် ၄၀၀၀ မှ ၈၀၀၀၊ ငါးဘတ် တစ်ပိဿာ ကျပ် ၉၀၀၀ မှ ၂၅၀၀၀၊ ကကတစ် ကျပ် ၄၀၀၀ မှ ၂၀၀၀၀၊ ငါးနုသန်း ကျပ် ၁၁၀၀၀ မှ ၁၇၀၀၀၊ ငါးခူ ကျပ် ၃၅၀၀ မှ ၁၆၀၀၀၊ ငါးဖီးမ ကျပ် ၃၅၀၀ မှ ၇၀၀၀၊ ငါးတန်(မြစ်) ကျပ် ၆၀၀၀ မှ ၉၀၀၀၊ ငါးတန်(မွေး) ကျပ် ၃၅၀၀ မှ ၆၅၀၀၊ ငါးခုံးမ တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၄၅၀၀၊ ငါးရံ့ ကျပ် ၉၀၀၀ မှ ၁၆၀၀၀၊ ပုစွန် (ကျော့) ကျပ် ၁၂၀၀၀ မှ ၄၀၀၀၀၊ ပုစွန်တစ်ပိဿာ ကျပ် ၂၅၀၀၀ မှ ၄၅၀၀၀၊ ငါးမျက်ကြယ် ကျပ် ၃၀၀၀ မှ ၄၅၀၀၊ ပီဇာ ကျပ် ၄၅၀၀ မှ ၅၅၀၀၊ ငါးနုပ်(အာပြဲခြောက်) ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ကင်းမွန် တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၈၀၀၀၊ ပလာတူး ကျပ် ၄၅၀၀ မှ ၆၀၀၀၊ ရွှေငါး ကျပ် ၄၅၀၀ မှ ၆၀၀၀၊ ပြည်ကြီးငါး တစ်ပိဿာ ကျပ် ၃၀၀၀၀ မှ ၄၅၀၀၀ တို့ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ သိရသည်။

**West DOCA (TSBO)၊ နှင်းနွယ် (DOCA YGN)**
**West DOCA (TTY)**

# မြန်မာ့စိန်တလုံးသရက်သီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိ

မြန်မာနိုင်ငံတွင် သရက်သီး စိုက်ပျိုးထုတ်လုပ်မှုအရ မြန်မာ့စိန်တလုံးသရက်သီးမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ဒေသ၊ စဥ့်ကိုင်ဒေသနှင့် ရှမ်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးသည့် သရက်သီး အမျိုးအစားများမှာ မြကျောက်၊ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ မချစ်စု၊ ပတ္တမြား ငမောက်နှင့် စိမ်းချို စသော သရက်သီး အမျိုးအစားများဖြစ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ ရွှေဘို၊ ကန့်ဘလူ၊ ဘုတလင်မြို့နယ်များသည် စိန်တလုံးသရက်ကို အများဆုံးစိုက်ပြီး ပတ္တမြားငမောက်နှင့် စိမ်းချို စသည့် သရက်မျိုးများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

မေလဆန်းပိုင်းမှစ၍ မုံရွာမြို့ရှိ ဈေးများသို့ ရွှေဘို၊ ဘုတလင်၊ ကနီမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား မြန်မာ့စိန်တလုံး သရက်သီးများ ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေသည်။ သရက်သီးပွဲရုံများတွင် လက်ကားဈေး ပျမ်းမျှတစ်လုံး ကျပ် ၅၀၀ နှုန်းဖြင့် တောင်းပြတ်ရောင်းချလျှင် အလုံးရေ ၁၂၀ ပါ တောင်းတစ်တောင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် ရောင်းချရကြောင်း၊ အလုံးရေ ၁၀၀လုံး ပါ သစ်သီးခြင်း တစ်ခြင်းလျှင် ငွေကျပ်ငါးသောင်းဖြင့် ရောင်းချလျက်ရှိကြောင်း၊ ရွေးကောက်ရောင်းချလျှင် သရက် သီး အသေး/အကြီးအမျိုးအစားပေါ်မူတည်၍ ကျပ် ၅၀၀ မှစတင်ကာ ကျပ် ၁၀၀၀ အထိ ရောင်းချရပြီး ဈေးကွက်အတွင်း အရောင်းသွက်လျက်ရှိကြောင်း၊ တစ်ရက် ရောင်းချရမှုမှာ သရက်သီးတောင်းရေ ၁၀၀ မှ ၁၅၀ ခန့်ထိရောင်းချရပြီး ရန်ကုန်၊မန္တလေး၊ ပြင်ဦးလွင်မြို့များသို့ ပို့ဆောင်ရကြောင်း သရက်သီးပွဲရုံမှ သိရသည်။

လက်လီရောင်းချသူများသည်လည်း ဈေးကောင်းရရှိနေသောကြောင့် ပွဲရုံမှ ဖောက်သည်ဈေးယူကာ ထပ်ဆင့်ရောင်းချရာ တစ်ရက်လျှင် တောင်းရေ ၁၀ လုံးခန့် ရောင်းချရကြောင်း သိရှိရပြီး စိန်တလုံးသရက် လှိုင်လှိုင်ပေါ်နေသည့် အချိန်တွင် ပွဲရုံလက်ကားဒိုင်နှင့် လက်လီဈေးသည်များပါ အမြတ်အစွန်းများ ရရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**



# ရာသီပေါ်သီးနှံ လိုင်ချီးသီးဈေးကွက်

ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များတွင် စိုက်ပျိုးရေးခြံများနှင့် အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော လိုင်ချီးသီး (ဒေသအခေါ် တရုတ်ဆီးသီး/လေချူသီး)များ မေလမှစတင်၍ ပေါ်ထွက်နေပြီဖြစ်၍ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိနေသည်။

ကချင်ပြည်နယ် ဒေသများတွင် စိုက်ပျိုးထားသော လိုင်ချီးသီးများမှာ အခွံထူ အစေ့ကြီး အသားပါး အချဉ်ခတ်ကဲသော အမျိုးအစားနှင့် အခွံပါး အစေ့သေး အသားထူ ချိုမွှေးသော အမျိုးအစားဟူ၍ နှစ်မျိုးရှိသည်။ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာနှင့် ဗန်းမော်မြို့နယ် ၁၇ မိုင်အောင်မြေကျေးရွာမှ ထွက်ရှိသော လိုင်ချီးသီးသည် စားသုံးသူများ နှစ်ခြိုက်သောကြောင့် ဈေးကွက်အတွင်း ပိုမိုအရောင်းသွက်လျက်ရှိသည်။

လက်လီဈေးကွက်တွင် အခွံပါး အစေ့သေး အသားထူ လိုင်ချီးသီး အလုံး ၅၀ ပါ တစ်တွဲလျှင် ကျပ် ၂၅၀၀ မှ ၃၀၀၀၊ အခွံထူ အစေ့ ကြီး အသားပါး လိုင်ချီသီး အလုံး ၅၀ ပါ တစ်တွဲလျှင် ကျပ် ၂၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။ သီးနှံကုန်သည်များအနေဖြင့် အပင်ပြတ် ဝယ်ယူမှုရှိသလို အလုံးလိုက် လက်ကား ဝယ်ယူမှုများလည်းရှိပြီး အပင်ပြတ်ဝယ်ယူရာတွင် အသီးအမျိုးအစားနှင့် အသီးပါရှိမှုပေါ် မူတည်၍ တစ်ပင်လျှင် ကျပ် ၁၅၀၀၀၀ မှ ၂၂၀၀၀၀၊ အလုံး လိုက်ဝယ်ယူရာတွင် အသီးအမျိုးအစားပေါ်မူတည်၍ လက်ကားဈေး တစ်လုံးလျှင် ကျပ် ၄၀ ကျပ်မှ ၅၅ ကျပ်အထိ ဝယ်ယူလျက်ရှိသည်။

လိုင်ချီးသီးများကို ဒေသတွင်းဈေးများ၊ သစ်သီးဆိုင်များတွင် လက်လီရောင်းချလျက်ရှိသကဲ့သို့ ဖားကန့်၊ မိုးညှင်း၊ တနိုင်းနှင့် မန္တလေးဈေးကွက်များသို့လည်း တင်ပို့လျက်ရှိသည်။ ယခုနှစ်တွင် ရာသီဥတုအခြေအနေအရ လိုင်ချီးသီးအထွက်နှုန်း အနည်းငယ် လျော့ကျခဲ့သော်လည်း ယခင်နှစ် ထက် ဈေးပိုရသောကြောင့် စိုက်ပျိုးရောင်းချသောသူများအနေဖြင့် ဝင်ငွေ ပိုမိုရရှိကြောင်း သိရသည်။

**ရာမျိုး (ကချင်)**

# ဆီနေကြာများ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက် အခြေအနေ

ကချင်ပြည်နယ်အတွင်း ဆီနေကြာများ စိုက်ပျိုးသူများအား ပြည်နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးကော်မတီနှင့် ခရိုင်စိုက်ပျိုးမှု ကြီးကြပ်ရေးကော်မတီမှ ဆီနေကြာမျိုးစေ့၊ သွင်းအားစုများ ပံ့ပိုးကူညီပေးလျက်ရှိသလို စိုက်ပျိုးနည်းပညာများလည်း ဖြန့်ဝေပေးလျက်ရှိသည်။ ကချင်ပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆီနေကြာစိုက်ဧက ၁၁၅၃၅ ရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆီနေကြာ စိုက်ဧက ၁၂၆၈၂ အထိ တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရသိရသည်။

ဆီနေကြာစိုက်ပျိုးရာ၌ စပါးရိတ်သိမ်းပြီး လယ်ယာမြေများတွင် စိုက်ပျိုးခဲ့ကြောင်း၊ တစ်ဧက ကုန်ကျစရိတ်မှာကျပ် ကျပ် ၆၉၀၀၀၀ ခန့်ကုန်ကျခဲ့ပြီး ယခုနှစ်တွင် ဆီနေကြာတစ်ဧကလျှင် ၁၆ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။

ဒေသတွင်းစိုက်ပျိုးထွက်ရှိသော ဆီနေကြာများကို စိုက်ပျိုးတောင်သူများအနေဖြင့် စားသုံးဆီဖူလုံရန် နေကြာဆီအဖြစ် ကြိတ်ခွဲကြပြီး ဆီနေကြာ သုံးတင်းလျှင် နေကြာဆီ ၁၀ ပိဿာခန့်ထွက်ရှိကြောင်း၊ နေကြာဆီ တစ်ပိဿာလျှင် လက်ရှိ ပေါက်ဈေး ၁၄၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဆီလုပ်ငန်းရှင်များကလည်း ဆီနေကြာတစ်တင်းလျှင် ကျပ် ၄၄၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်း၊ နေကြာစိုက် တောင်သူများအနေဖြင့် စားသုံးဆီဖူလုံပြီး အပိုဝင်ငွေရရှိသောကြောင့် နောင်နှစ်များတွင် ပိုမိုစိုက်ပျိုးသွားမည်ဟု နေကြာစိုက်တောင်သူထံမှ သိရသည်။ **အိမွန်(ကချင်)**

# အိန္ဒိယနိုင်ငံ၏ ပင်လယ်ထွက်ကုန်များတင်ပို့မှုသည် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ၉ ရာခိုင်နှုန်း ကျဆင်း

၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပင်လယ်ထွက်ကုန်များ တင်ပို့ရောင်းချမှုမှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့်ရရှိခဲ့ပြီး အမေရိကန်နှင့် ဥရောပကဲ့သို့သော အဓိကဈေးကွက်များတွင် ဝယ်လိုအား ကျဆင်းမှုကြောင့် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှု ၉ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၇ ဘီလီယံ)သို့ ကျဆင်းသွားခဲ့ကြောင်း အိန္ဒိယနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။ သို့သော်လည်း ပင်လယ်ထွက်ကုန်တင်ပို့သူများသည် ပြည်ပမှမှာယူမှုများ အားကောင်းနေသောကြောင့် လာမည့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ပင်လယ်ထွက်ကုန်များအား ပိုမိုတင်ပို့ရောင်း ချနိုင်လိမ့်မည်ဟု ယုံကြည်ထားကြသည်။

အိန္ဒိယနိုင်ငံမှ တင်ပို့သူများ၏ အဆိုအရ ဝယ်လိုအား နှေးကွေးခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှင့် အီကွေဒေါမှ အမေရိကသို့ အေးခဲနေသောပုစွန်များ တင်ပို့မှု တိုးမြှင့်လာခြင်းတို့သည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံ၏ တင်ပို့မှု ကျဆင်းရသည့် အကြောင်းအရင်းအချို့ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အီကွေဒေါနိုင်ငံအပေါ် ရင်းနှီးမြှုပ်နှံမှုတိုက်ဖျက်ရေး အကောက်ခွန်ကို ချမှတ်လိုက်သည်နှင့် အမျှ ကျွန်ုပ်တို့၏ ရေထွက်ကုန်တင်ပို့မှုသည် အီကွေဒေါနိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှုနှင့် ယှဉ်ပြိုင်နိုင်လာပြီး ပို့ကုန်တင်ပို့မှုများ တိုးတက်လာမည်ဖြစ်ကြောင်း ထိပ်တန်းပို့ကုန်လုပ်ငန်းရှင်ဖြစ်သည့် Yogesh Gupta က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ စီမံဆောင်ရွက်နိုင်စွမ်းကို တိုးမြှင့်ကာ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် လွှဲပြောင်းခြင်းဖြင့် လာမည့်နှစ်နှစ်အတွင်း ပင်လယ်ထုတ်ကုန်တင်ပို့မှု ရူပီးကုဋေ ၁ သိန်းသို့ တိုးမြှင့်လာရန် ရည်မှန်းထားကြသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ပင်လယ်စာ ၁၇၃၈၂၈၆ တန် (အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၇ ဘီလီယံ) တန်ဖိုးရှိသော ပင်လယ်စာများ တင်ပို့မှုဖြင့် စံချိန်တင် တင်ပို့နိုင်ခဲ့သည်။

အေးခဲနေသော ပုစွန်များသည် ပမာဏနှင့် တန်ဖိုးအရ အဓိကတင်ပို့သည့် ရေထွက်ကုန်ပစ္စည်းအဖြစ် ဆက်လက်တည်ရှိနေပြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အိန္ဒိယမှ ပင်လယ်စာများအား အဓိကတင်ပို့သော နိုင်ငံများဖြစ်ကြသည်။

၂၀၂၂-၂၀၂၃ ခုနှစ်တွင် အေးခဲပုစွန်တင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၇၁၁၀၉၉ တန်ရှိပြီး အမေရိကန်သို့ တန်ချိန် ၂၇၅၆၆၂ နှင့် တရုတ်နိုင်ငံသို့တန်ချိန် ၁၄၅၇၄၃ တင်ပို့ထားကြောင်း သိရသည်။

လက်ရှိ အိန္ဒိယနိုင်ငံတွင် ပုစွန်မွေးမြူရေးခြံပေါင်း တစ်သိန်းကျော်ရှိပြီး အများစုမှာ Andhro Pradesh နယ်တွင် တည်ရှိသည်။ အေးခဲပုစွန်များ၊ ငါးများနှင့် ပြည်ကြီးငါးများသည် အိန္ဒိယနိုင်ငံမှ အဓိကတင်ပို့သော ရေထွက်ကုန်ပစ္စည်းများဖြစ်သည်။

**Source: economictimes.com**

**ဟန်ကိုကျော် (DOCA Yangon)**

# အင်ဒိုနီးရှား၏ ပဉ္စမအကြိမ် ဆန်အဝယ်တင်ဒါ၌ ဗီယက်နမ်နှင့်မြန်မာတို့ လေလံအောင်မြင်

အင်ဒိုနီးရှားနိုင်ငံပိုင် ဝယ်ယူရေးအေဂျင်စီ (Bulog)၏ မကြာသေးမီက တင်ဒါခေါ်ယူမှုတွင် ဗီယက်နမ်သည် ဆန်ကွဲ ၅ရာခိုင်နှုန်း ပါဝင်သော ဆန်ဖြူ တန်ချိန် ၁၅၀၀၀၀ တင်ပို့ရန်အတွက် လေလံ ခြောက်စောင်ကို အောင်မြင်ခဲ့သည်ဟု ကုန်သွယ်ရေး သတင်းအရင်းအမြစ်များက ပြောဆိုကြောင်း၊ သို့သော် ဗီယက်နမ်၏ ဆန်ဈေးနှုန်းများသည် တင်ဒါရလဒ်ကြေညာမှုမှ အကျိုးအမြတ်ရရှိရန် မျှော်လင့်နိုင်ဖွယ်မရှိကြောင်း S&P Global ဈေးကွက် သုတေသနအဖွဲ့က ဖော်ပြထားသည်။



တင်ဒါခေါ်ယူရာတွင် Bulog အေဂျင်စီသည် ဗီယက်နမ်အတွက် ယှဉ်ပြိုင်နိုင်သည့် ပမာဏကို သတ်မှတ်ပေးထားသဖြင့် ဈေးနှုန်းများအပေါ် သိသာစွာ သက်ရောက်ခြင်းမရှိဟု စင်ကာပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဗီယက်နမ်မှ အနိမ့်ဆုံးထား ကမ်းလှမ်းသည့် ဈေးနှုန်းမှာ သင်္ဘောတင်စရိတ်နှင့် သယ်ယူပို့ဆောင်ခတို့ ပါဝင်သည့် ဆိပ်ကမ်းအရောက် CNF ဈေးနှုန်း တစ်တန်လျှင် ၅၆၄ ဒသမ ၅ ဒေါ်လာခန့်ဖြစ်ပြီး အဆိုပါတင်ဒါတွင် ယှဉ်ပြိုင်နိုင်စွမ်း အမြင့်ဆုံးဖြစ်သည်။

ပို့ကုန်အမှာစာ အသစ်ရရှိခြင်း မရှိသောကြောင့် ဗီယက်နမ်ရှိ ဆန်ရောင်းချသူအချို့သည် ၎င်းတို့၏ ဆန်ဈေးနှုန်းများကို လျှော့ချခဲ့ကြပြီး S&P Global ၏ လက်အောက်ရှိ Platts ဈေးကွက် အချက်အလက် ထောက်ပံ့ရေးဌာန၏ အဆိုအရ ဗီယက်နမ်မှ ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သောဆန်ဖြူ၏ ဈေးနှုန်းသည် ရက်သတ္တတစ်ပတ်အတွင်း ဆန်တစ်တန်လျှင် ၁၀ ဒေါ်လာနှုန်းဖြင့် ကျဆင်းခဲ့ပြီး မေ ၂၃ ရက်တွင် သင်္ဘောပေါ်အရောက် FOB ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၉ ဒေါ်လာနှုန်းသို့ ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် တင်ဒါခေါ်ယူသည့် ဆန်တန်ချိန် သုံးသိန်းအနက် တန်ချိန် ၉၀၀၀၀ အတွက် တင်သွင်းခွင့်ရရှိခဲ့သော်လည်း ထိုင်းကုန်သည်များ၏ အနိမ့်ဆုံးဈေးနှုန်း ကမ်းလှမ်းချက်မှာ ဆိပ်ကမ်းအရောက် CNF ဈေးနှုန်း တစ်တန်လျှင် ၆၄၉ ဒေါ်လာနှုန်းရှိပြီး ဆန်ဈေးနှုန်းကြီးမြင့်မှုကြောင့် တင်ဒါအောင်မြင်မှု မရှိကြောင်း၊ Bulog အနေဖြင့် အဆိုပါ အောင်မြင်မှုမရှိသော လေလံစောင်ရေများအတွက် တင်ဒါများ ပြန်လည်ခေါ်ယူရန် သေချာမှုမရှိကြောင်း သိရှိရသည်။ ယင်းရလဒ် ထွက်ပေါ်လာပြီး မကြာမီကာလအတွင်း ထိုင်းဆန်ဈေးနှုန်းများသည် ကျဆင်းလာနိုင်ဖွယ်ရှိသည်ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ဆိပ်ကမ်းအရောက် CNF ဈေးနှုန်း ဆန်တစ်တန်လျှင် ၆၂၀ ဒေါ်လာမှ ၆၂၉ ဒေါ်လာအတွင်း ကမ်းလှမ်းမှုများဖြင့် ဆန်တန်ချိန် ၆၀၀၀၀ ရောင်းချရန်အတွက် လေလံအောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ကမ်းလှမ်းမှုများကြောင့် ပါကစ္စတန်မှ တင်ပို့သူများမှာ တင်ဒါကျရှုံးမှုရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သော ဆန်ဖြူ တန်ချိန် ၃၀၀၀၀၀ ဝယ်ယူရန် တင်ဒါအသစ်အား မကြာသေးမီက ကြေညာခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း ယခုအချိန်အထိ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း တင်ဒါငါးကြိမ်ခေါ်ယူ၍ ဝယ်ယူခဲ့ပြီးဖြစ်သည်။ ဗီယက်နမ်၊ ထိုင်း၊ မြန်မာနှင့် ပါကစ္စတန်တို့သည် ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံအတွက် အဓိက ဆန်တင်သွင်းသူများ ဖြစ်ကြသည်။

Bulog သည် ၂၀၂၄ ခုနှစ်အတွက် ဆန်တန်ချိန် ၃ဒသမ ၆ သန်း တင်သွင်းရန် ခွဲတမ်း သတ်မှတ်ထားသည်။ အယ်လ်နီညိုဖြစ်စဉ်၏ ခြောက်သွေ့သော ရာသီဥတု အခြေအနေများက အင်ဒိုနီးရှားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို ခြိမ်းခြောက်လျက်ရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆန်ထောက်ပံ့မှု ပိုမိုကျပ်တည်းလာခြင်းတို့အရ အဆိုပါ ဆန်တင်သွင်းမှုခွဲတမ်း သတ်မှတ်ချက်အား အပြည့်အဝ အသုံးပြုမည့် အလားအလာရှိနေကြောင်း သိရသည်။

**Source: S&P Global, DHTSN, DOCA**

# ၂၀၃၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအင်အား သုံးဆအထိ တိုးတက်လာမည်

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ၂၀၃၃ ခုနှစ်တွင် သုံးဆထိ မြင့်တက်လာနိုင်ရန် မျှော်လင့်ရပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့ကဲ့သို့ ထရီလီယံဒေါ်လာ စီးပွားရေးအင်အားရှိ သည့် အုပ်စုထဲ ဝင်ရောက်နိုင်မည်ဟု ဖိလစ်ပိုင်နိုင်ငံ ဘဏ္ဍာရေးအတွင်းရေးမှူး Ralph Recto က ပြောကြားခဲ့သည်။

မနီလာမြို့တွင် မေ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ဖိလစ်ပိုင် စီးပွားရေးရှင်းလင်းညွှန်ကြားမှု အစည်းအဝေးတွင် Recto က ပြင်ပမှစိန်ခေါ်မှုများရှိနေသော်လည်း တိုင်းပြည်သည် အာဆီယံဒေသတွင်းတွင် သာလွန်သည့်စီးပွားရေးရှိပြီး ၂၀၂၅ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၅ ဒသမ ၈ ရာခိုင်နှုန်းမှ ၆ ဒသမ ၃ ရာခိုင်နှုန်းကြားရှိကြောင်း ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် အတွက် ခန့်မှန်းချက်မှာ ပိုမိုမြင့်မားသည့် ၅ ဒသမ ၉ မှ ၆ ဒသမ၅ ရာခိုင်နှုန်းကြားရှိကြောင်း သိရသည်။ ထို့ပြင် Recto က ဖိလစ်ပိုင်နိုင်ငံသည် အာရှဒေသတွင်း စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်သို့ တဖြည်းဖြည်း ကြီးထွားလာလျက်ရှိကြောင်း၊ ၂၀၇၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံကို ကျော်ကာ ကမ္ဘာ့ ၁၄ နိုင်ငံမြောက် စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာနိုင်ကြောင်း၊ အဆိုပါ ရည်မှန်းချက်များသည် အစိုးရ၏မှန်ကန်သည့် မူဝါဒလမ်းစဉ်များနှင့် စီးပွားရေး ကြီးထွားလာရန် မြှင့်တင်ပေးသည့် မဟာဗျူဟာများကြောင့် ဖြစ်နိုင်ခြေရှိကြောင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ကာ စီးပွားရေးအင်အား ကြီးထွားလာစေရန် အရှိန်မြှင့်တင်မည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် အလယ်အလတ်အထက် ဝင်ငွေရှိသည့် နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ ၁၃ နိုင်ငံမြောက် အကြီးမားဆုံး စားသုံးသူဈေးကွက်ဖြစ်လာမည်ဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပမှ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အရေးကောင်း ဖန်တီးပေးနိုင်မည်ဟု သိရသည်။

ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့၏ နောက်ဆုံးအချက်အလက်များအရ နိုင်ငံ၏စီးပွားရေးတိုးတက်မှုသည် ၂၀၂၄ ၏ ပထမသုံး လတာကာလတွင် ၅ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သော်လည်း အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းကြားကို မပြည့်မီသေးကြောင်း သိရသည်။

**Source: The Philippine Star**

**မြသူ (DOCA Yangon)**

# အမေရိကန်ဒေါ်လာ အားကောင်းလာခြင်းက အာရှအစိုးရများအား ငွေကြေးကာကွယ်ရေးကို မြှင့်တင်ရန် တွန်းအားပေးနေ

အာရှတိုက်ရှိ အစိုးရများသည် ယခုနှစ်အတွင်း အင်အားကြီးမားသော အမေရိကန်ဒေါ်လာကြောင့် တန်ဖိုးကျဆင်းခဲ့ရသည့် ၎င်းတို့၏ငွေကြေးများကို ဆက်လက်ကျဆင်းမှုရပ်တန့်ရန် ပိုမိုလုပ်ဆောင်လျက်ရှိကြသည်။

အမေရိကန် စီးပွားရေး၏ အားကောင်းမှုနှင့် ၎င်း၏ ကာလကြာရှည်လေ၊ ပိုမိုမြင့်မားလေဖြစ်သော အတိုးနှုန်းထားများက အာရှငွေကြေးများကို အားနည်းစေလျက်ရှိရာ အာရှမူဝါဒချမှတ်သူများက နှုတ်ဖြင့် သတိပေးချက်များ ထုတ်ပြန်ခြင်းမှသည် အတိုးနှုန်းမြှင့်တင်ခြင်းအထိ အမျိုးမျိုးသော အတိုင်းအတာများဖြင့် တုံ့ပြန်လျက် ရှိကြသည်။ ၎င်းတို့၏ပြည်တွင်းငွေကြေးကို ဝယ်ယူခြင်းဖြင့် ကြားဝင်စွက်ဖက်သည်ဟုပင် အချို့သောသူများက ယုံကြည်ကြသည်ဖြစ်ရာ ဗဟိုဘဏ်၏ ယုံကြည်စိတ်ချရမှုကို နှောင့်ယှက်နိုင်သည့် လှည့်စားမှုတစ်ခုဖြစ်သည်။

ယခင်လ အချက်အလက်များက ယန်းငွေအပေါ် ကြီးစွာသက်ရောက်စေခဲ့သောကြောင့် မေ ၁၅ ရက်တွင် ထွက်ပေါ်လာသော ဧပြီလအတွက် အမေရိကန်၏ စားသုံးသူဈေးနှုန်း အညွှန်းကိန်းအပေါ် ငွေကြေးဆိုင်ရာ လေ့လာဆန်းစစ်သူများသည် အာရုံစိုက်နေကြသည်။

မကြာသေးမီက အမေရိကန်၏ စီးပွားရေးနှင့် လယ်ယာမှ မဟုတ်သော ဝင်ငွေအချက်အလက်အချို့တို့မှာ အားနည်းနေသဖြင့် အာရှနိုင်ငံများ ခေတ္တအသက်ရှူချောင်ခဲ့ကြသည်။ သို့ရာတွင် ၎င်းအချက်အလက်များ သက်သက်ဖြင့် ဒေါ်လာဈေး ကျဆင်းစေမည် မဟုတ်ကြောင်း၊ အမေရိကန်ငွေကြေးဖောင်းပွမှုဒေတာက ဒေါ်လာ-အာရှငွေကြေးများအတွက် နောက်ထပ်လှုပ်ရှားမှု ကိုဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း စင်ကာပူ Maybank ၏ အကြီးတန်း ငွေကြေးဗျူဟာမှူး Fiona Lim က မှတ်ချက်ပြုသည်။

အနာဂတ် ဗဟိုအတိုးနှုန်း (Federal funds rate futures) ကို ခြေရာခံလေ့ရှိသည့် tracker CME FedWatch tool အရ လာမည့်ဇွန်လတွင်ကျင်းပမည့် Federal Open Market Committee အစည်းအဝေးအပြီးတွင် US နှုန်းထားဖြတ်တောက်ရန် အခွင့်အလမ်း ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဇူလိုင်လ အစည်းအဝေးတွင် ၃၃ ရာခိုင်နှုန်းဖြစ်နိုင်ကြောင်း ကုန်သည်များက ခန့်မှန်းနေကြသည်။ အောက်ဖော်ပြပါ ဂရပ်ပုံတွင် အမေရိကန်ဒေါ်လာ အားကောင်းလာခြင်းကြောင့် အာရှငွေကြေးများ၏ ငွေလဲနှုန်း ထိခိုက်ခဲ့ရသော ရာခိုင်နှုန်းကို တွေ့မြင်နိုင်သည် -




## ဂျပန်ယန်းငွေ

ခန့်မှန်းထားသည်ထက် ပိုမိုအားကောင်းသော အမေရိကန် စီးပွားရေးကြောင့် ဂျပန်ယန်းငွေမှာ ထိခိုက်မှုအရှိဆုံး အာရှငွေကြေးများထဲမှ တစ်ခုဖြစ်လာသည်။ တရားဝင် အချက်အလက်များ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ဂျပန်အစိုးရက ၎င်း၏ငွေကြေးကို ဧပြီ ၂၉ ရက်နှင့် မေ ၁ ရက်တို့ တွင် နှစ်ကြိမ်ကြားဝင်စွက်ဖက်ခဲ့ပုံရကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။



ပထမဆုံး သံသယဖြစ်ဖွယ် ဝင်ရောက်စွက်ဖက်မှုမတိုင်မီက တစ်ဒေါ်လာလျှင် ယန်းငွေ ၁၆၀ ကို ကျော်လွန်သွားခဲ့ပြီး ၃၄ နှစ်အတွင်း အနိမ့်ဆုံးအဖြစ် ကျဆင်းသွားခဲ့သည်။ ထိုသို့ ယန်းငွေ၏ ကျဆင်းမှုကြောင့် အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေတို့ကြား အကြမ်းဖျင်း ၅ ရာခိုင်နှုန်း ကွာဟသည်အထိ ဖြစ်ပေါ်ခဲ့သည်။

ယခုနှစ်တွင် ဂျပန်ယန်းငွေ ၉ဒသမ၄ ရာခိုင်နှုန်း ကျဆင်းသွားကာ တစ်ဒေါ်လာလျှင် ၁၅၅ ယန်း အကွာအဝေး၌သာ အတက်အကျဖြစ်နေကြောင်း Refinitiv ၏အဆိုအရ သိရသည်။ ပိုမိုများပြားလာသော ဒေါ်လာရောင်းချမှုနှင့် ယန်းငွေဝယ်ယူမှုကြားတွင် အမေရိကန်မှ ကျောထောက်နောက်ခံ မပြုသောကြောင့် ဂျပန်အတွက်ခက်ခဲကြောင်း Mizuho Securities rS chief desk strategist ဖြစ်သူ Shoki Omori က ပြောကြားခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Janet Yellen က ဂျပန်မှ ကြားဝင် စွက်ဖက်ခြင်း ရှိ၊ မရှိကို မှတ်ချက်မပေးသော်လည်း အဆိုပါ ကြားဝင်ဆောင်ရွက်မှုများသည် ရှားရှားပါးပါးဖြစ်ပြီး ညှိနှိုင်းမှုပြုလုပ်ရန် မျှော်လင့်ထားကြောင်း ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ် Bank of Japan ၏ ဧပြီလ ငွေကြေးမူဝါဒအစည်းအဝေးမှ သဘောထားအမြင်အကျဉ်းချုပ် ထုတ်ပြန်ချက်တွင် အုပ်ချုပ်ရေးမှူး Kazuo Ueda ၏ သဘောထားမှတ်ချက်များမှာ ယခင်ထုတ်ပြန်ချက်များနှင့် နှိုင်းယှဉ်ပါက ပျော့ပျောင်းမှုမရှိသည်ကို တွေ့ရသည်။

ဘုတ်အဖွဲ့ဝင်အချို့က နှုန်းထားများ အရှိန်မြှင့်နိုင်ခြေကို တွေးမြင်ခဲ့ကြပြီး BOJ အနေဖြင့် ၎င်း၏ ငွေချေးစာချုပ်များ ဝယ်ယူမှုများကို လျှော့ချသင့်ကြောင်း အဖွဲ့ဝင်အများစုက အကြံပြုခဲ့ကြသည်။

သို့သော် Mizuho Securities ၏ Omori က ယန်း၏အားနည်းချက်ကို ပြောင်းပြန်လှန်ရန် ငွေကျည်ဆန်မရှိဟူသော အခြေခံများ မပြောင်းလဲမီအထိ ယန်းအပေါ် ရေတိုလောင်းကြေးများ ဆက်လက်ရှိနေဦးမည်ဟု မျှော်လင့်ထားသည်။

ယန်းငွေကို အရောင်းအဝယ်ပြုလုပ်နေမှုများမှာ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း၊ တိုးပေးသည်နှင့်တစ်ပြိုင်နက် အခြေခံ (၅၀) တိုးပေးရန်နှင့် ကာလတိုငွေချေးစာချုပ်ဝယ်ယူမှုကို လျှော့ချရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် BOJ နှုန်းထား တိုးနိုင်ခြေအလားအလာကို ဇူလိုင်လတွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် အောက်တိုဘာလတွင် ၂၅ ရာခိုင်နှုန်းကို မျှော်မှန်း၍ ဈေးနှုန်းသတ်မှတ်ထားကြောင်း ၎င်းကဆိုသည်။

## တောင်ကိုရီးယားဝမ်ငွေ

တောင်ကိုရီးယားတွင် ဝမ်ငွေကျဆင်းမှုကို ရပ်တန့်ရန် ကြိုးပမ်းမှုကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် မတ်လမှစတင်၍ Forex အရန်ငွေသည် ပြီးခဲ့သည့်လတွင် ဒေါ်လာ ၆ ဘီလီယံနီးပါး ကျဆင်းသွားခဲ့ကြောင်း တောင်ကိုရီးယားဘဏ်၏ အချက်အလက်များအရ သိရသည်။

၎င်း၏ နိုင်ငံခြားအရန်ငွေ ကျဆင်းမှုမှာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည့် အမျိုးသား အငြိမ်းစားဝန်ဆောင်မှုနှင့် နိုင်ငံခြားငွေလဲလှယ်ခြင်းကဲ့သို့သော ဈေးကွက်တည်ငြိမ်ရေး အစီအမံများအပါအဝင် အချက်များစွာနှင့် ဆက်စပ်နေကြောင်း နိုင်ငံ၏ ဗဟိုဘဏ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## ဒေါက်တာရှွေစင်ကို

ပြီးခဲ့သည့်လက နှုတ်ဖြင့်သတိပေးပြီးနောက် ဒေါ်လာနှင့် ယှဉ်ပါက ဝမ်ငွေကြေး အားကောင်းလာသောကြောင့်၊ ဝမ်ငွေ လျင်မြန်စွာ ကျဆင်းမှုကို တောင်ကိုရီးယားအစိုးရမှ ကူညီပေးခဲ့သည်ဟု ဈေးကွက်များက ခန့်မှန်းလျက်ရှိကြောင်း ဆိုးလ်ရှိ Korea Investment & Securities မှ စီးပွားရေးပညာရှင် Moon Da Woon က ပြောကြားသည်။

ဧပြီလတွင် တစ်နှစ်ခွဲခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာနှင့် ဝမ် လဲလှယ်နှုန်း ၁၄၀၀ အထိ ရောက်ရှိလာသည့်အခါ ငွေကြေးလျင်မြန်စွာ ပြောင်းလဲမှုအား တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့က နှုတ်ဖြင့် သတိပေးဝင်ရောက်စွက်ဖက်မှုပြုလုပ်ခဲ့သည်။

ထိုအချိန်မှစ၍ ဝမ်သည် အားကောင်းလာခဲ့ကာ မကြာသေးမီက ငွေလဲနှုန်း ၁၃၆၆ ဒသမ၅၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်ဟု Refinitiv ၏ အဆိုအရ သိရသည်။ Korea Investment & Securities မှ Moon က ယခုနှစ်ကုန်တွင် ဝမ်ငွေလဲနှုန်း ၁၂၀၀ ပြန်လည်အားကောင်းလာမည်ဟု မျှော်လင့်ထားသည်။

## အင်ဒိုနီးရှား ရူပီး

အင်ဒိုနီးရှားနိုင်ငံတွင် ယခင်လအတွင်း ဗဟိုဘဏ်က ၎င်း၏ ငွေကြေးကို အတိုးနှုန်းအခြေခံ (၂၅) မြှင့်လျက် ၆ ဒသမ ၂၅ ရာခိုင်နှုန်းသို့ မမျှော်လင့်ဘဲ မြှင့်တင်ခဲ့သည်။

အင်ဒိုနီးရှားဘဏ် အုပ်ချုပ်ရေးမှူး Perry Warjiyo က အချက်အလက်များအရ အတိုးနှုန်းကို လတ်တလော ထပ်မံမြှင့်တင်ရန် မရှိကြောင်း၊ တစ်ဒေါ်လာလျှင် ၁၆၀၀၀ ရူပြားအောက်အထိရှိစေပြီး၊ ငွေအားကောင်းအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြီးခဲ့သည့်ပတ်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းနောက် ရူပြားငွေလဲနှုန်းမှာ အနည်းငယ်ပြန်လည်မြင့်တက်လာသော်လည်း ပြီးခဲ့သည့်လတွင် ကျဆင်းခဲ့သော လေးနှစ် အနိမ့်ဆုံးအဆင့်မှ ပြန်လည်အားကောင်းလာခြင်း မရှိသေးသည်ကို တွေ့ရသည်။

## အိန္ဒိယ ရူပီး

ယခင်လက တစ်ဒေါ်လာလျှင် ၈၃ ဒသမ ၇၃၉ သို့ အနိမ့်ဆုံးနှုန်းအဖြစ် ကျဆင်းသွားသော်လည်း အိန္ဒိယရူပီးမှာ အတည်ငြိမ်ဆုံး အာရှငွေကြေးများထဲမှ တစ်ခုဖြစ်သည်။

အဆိုပါငွေကြေးကို အိန္ဒိယအရန်ငွေကြေးဘဏ်က အောက်တိုဘာလဆန်းပိုင်းမှစတင်၍ ကြီးကြီးမားမား စီမံခန့်ခွဲခြင်းဖြင့် ကျဉ်းမြောင်းသော အကွာအဝေးဖြစ်သည့် ၈၃ ရူပီးတွင် အရောင်းအဝယ်ဖြစ်စေလျက်ရှိကြောင်း၊ မလေးရှားနိုင်ငံမှလွဲ၍ အာရှတိုက်ရှိ ဗဟိုဘဏ်နှင့် ဒေသတွင်းဘဏ်များ အားလုံးတွင် သွင်းကုန်များ၏ ခြောက်လကျော်ကို ကာမိစေရန် နိုင်ငံခြား အရန်ငွေများရှိကြောင်းနှင့် ယင်းမှာ လုံလောက်သော အရန်ငွေ၏ သတ်မှတ်ချက်ဖြစ်ကြောင်း စင်ကာပူနိုင်ငံရှိ ING မှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဘောဂဗေဒပညာရှင် Rob Carnell ၏ အဆိုအရ သိရသည်။

## မလေးရှား ရင်းဂစ်

ဖေဖော်ဝါရီလတွင် ၎င်း၏ ၂၆ နှစ်တာ အနိမ့်ဆုံးဖြစ်သော ၄ ဒသမ ၇၉၆၅ သို့ ကျဆင်းသွားပြီးနောက် မလေးရှားရင်းဂစ်သည် တစ်ဒေါ်လာလျှင် ၄ ဒသမ ၇၃၇ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ဒေါ်လာတန်ဖိုး အားကောင်းခြင်းကြောင့် ရင်းဂစ်၏ အားနည်းနေခြင်းအပေါ် မလေးရှား၏ စာရင်းရှင် ပိုငွေပြမှု ကျဆင်းခြင်းနှင့် တရုတ်ယွမ်နှင့် ခိုင်မာသော ငွေကြေးဆက်နွယ်မှုရှိနေခြင်းတို့ကြောင့်လည်း ရင်းဂစ်ငွေကြေး ပိုမိုအားနည်းသွားခြင်းဖြစ်သည်။

**ရင်းမြစ်၊ Nikki Asia (13-5-2024)**




# DISCOVER THE FUTURE OF KONJAC

Add : No.2905, Industrial Zone Road, 63 Ward,
Industrial Zone(2), South Dagon Township
Yangon Regian.

Ph : +959 881 888 445

Mail : ei.phyo@southernville.com.mm

# SAN DARA AUNG CO.,LTD
## (For Better Trade)

**We Carefully Handle Your Cargo**

**Our Services**

- Fumigation , Inspection & Documentation Services
- Customs Clearance Services
- Container Transporation Services




No.(71), Ground Floor, 31st Street , 9 Quarter,
Pabedan Township, Yangon.

HP : +95 9 5005553, +95 9 795005553 E-mail : sandaraaung71@gmail.com

# Doe San Da
## Trading Co.,Ltd.



Add : No.54, Seik Kan Tha Street, Industrial Zone(4), Hlaing Thar Yar Township, Yangon, Myanmar.

Ph : 09 421755506, 09 972637075

H & T Myanmar

# Elegant Fragrances Co., Ltd.




Head Office No.11/13, Ground Floor, 136th Street,
Ma U Gone Quarter, Tamwe Township, Yangon.

Sale Center No.110, 27th Street(Middle Street), Pabedan Township, Yangon.

09-255867844, 09-253242424, 09-420008375, 01-376663

handt@myanmarelegant.com handtmyanmarelegant.com

## AYE CHAN MYAY CO.,LTD



Add : No (1186), 8th Floor (B), Pinlon Road,
35 Ward, North Dagon Township, Yangon.
Ph : 09 762444465, 09 262444465
Mail : ayechanmyayrealestate2014@
gmail.com









SENIOR EMPEROR ENGINEERING & CONSTRUCTION CO.,LTD

## S.E.E.C



အဆောက်အဦးအမျိုးမျိုးဆောက်လုပ်ခြင်းနှင့်
ဆောက်လုပ်ရေးလုပ်ငန်းသုံး Pipe Support & Pipe Scaffolding များ
ငှားရမ်းခြင်းလုပ်ငန်း။

**No.(91) Hnin Si Street,Shwekyarpin Ward,Zabu Thiri Township,Naypyitaw**

**Work Shop : No(26), Thapyay Street , Pobbathiri Township, Naypyitaw**

**Ph:09 - 43034362,09 - 799138738,09 - 420257850**

**E.mail - s.e.e.c 1976@gmail.com**



## KYAW ZAW TI CO.,LTD.

joseph @ Kyaw Win

GI Pipe, Ms Pipe, ASTM Pipe, API Pipe
and Pipe Fittings Distributing.

No.(16), King Tar Street,
(64) Quarter, Industrial Zone (3),
South Dagon,
Yangon Region, Myanmar.

Ph: 09 - 253825127
: 09 - 5171577
: 09 - 5504525
: 01 - 2348382

Email : kyawzawtijoseph27@gmail.com



Kyaw Zaw Ti Co., Ltd.

GI Pipe, MS Pipe, API-Pipe, Pipe Fitting & H-Beam, U-Beam, I-Beam, Angle, Hollow Pipes & All Kinds of Scaffolding Materials.

အမှတ်(၁၆)၊ ကင်းဒါးလမ်း၊ ဟိန္ဒားလမ်းထောင့်၊ စက်မှုဇုန်(၃)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့

09253825127
095171577
095504525
012348382

Mon - Sat 9:00AM - 6:00PM

တနင်္ဂနွေနေ့ နှင့် အစိုးရရုံးပိတ်ရက်တိုင်း ပိတ်သည်။



**Securitization**

*[si-ˌkyur-ə-tə-ˈzā-shən]*

The pooling of assets to repackage them into interest-bearing securities.

# စီကျူရီတိုက်ဇေးရှင်းနည်းစနစ်

စီကျူရီတိုက်ဇေးရှင်း (Securitization)ဟူသော ဝေါဟာရသည် စာဖတ်သူများအဖို့ စိမ်းကောင်း စိမ်းနေမည်ဖြစ်သော်လည်း ခေတ်သစ်ဘဏ္ဍာရေး ဈေးကွက်တွင် အရေးပါသည့်နေရာမှ ရပ်တည်လျက်ရှိကြောင်း တွေ့ရှိရသည်။ စီကျူရီတိုက်ဇေးရှင်းကို အမေရိကန်နိုင်ငံ၌ ၁၉၆၀ ပြည့်လွန်ကာလများတွင် စတင်ကျင့်သုံးခဲ့သည်။ စတင်ကျင့်သုံးခဲ့စဉ်က ဘဏ်များ၏ အိမ်ရာချေးငွေများအပေါ် ဘဏ္ဍာငွေပြန်လည်ဖြည့်တင်းရာတွင် ငွေသားစီးဆင်းမှု လွယ်ကူရေးအတွက် လက်နက်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပြီး နောက်တွင် ခရက်ဒစ်ကဒ်များ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများတွင် ကြိုတင်ပေးငွေများအတွက် ရရန်ပိုင်ခွင့်များနှင့် မော်တော်ကား ချေးငွေများတွင်ပါ စီကျူရီတိုက်ဇေးရှင်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့သည်။ ဤစနစ်သည် အာရှနိုင်ငံများသို့ပါ အလျင်အမြန် ကူးစက်ခဲ့ပြီး အထူးသဖြင့် ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံများတွင် တွင်ကျယ်စွာ ကျင့်သုံးခဲ့သည်။

စီကျူရီတိုက်ဇေးရှင်းဆိုသည်မှာ ဘဏ်တစ်ခု၏ ချေးငွေများနှင့် ရရန်ပိုင်ခွင့် (Assets) များကို ဈေးကွက်ဝင် ငွေချေးသက်သေခံလက်မှတ်များအဖြစ် ပြောင်းလဲပြီး ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချခြင်းဖြစ်သည်။ နောက်လုပ်ငန်းတစ်ခုမှာ ကြွေးမြီ စာချုပ်စာတမ်းများ (Debt Instruments)များကို စုစည်းကာ ဆုံးရှုံးနိုင်ခြေ (Risk) များကို ဖြန့်ကြက်၍ ယင်းစုစည်းထားသည့် အစု (pool) ကို ငွေချေးသက်သေခံလက်မှတ် (Securities) များ အဖြစ်ထုတ်ဝေကာ ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချခြင်းဖြစ်သည်။

ဤသို့ ထုတ်ဝေရောင်းချခြင်းဖြင့် ကုမ္ပဏီများအနေဖြင့် ဘဏ္ဍာငွေ ဖြည့်တင်းရန် နည်းလမ်းသစ်တစ်ခု ရရှိသွားခြင်း၊ ဘဏ္ဍာငွေ ရှာဖွေရသည့် စရိတ်များလျော့ကျသွားခြင်းနှင့် သက်တမ်းကာလ (maturity)ကို တိုးချဲ့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ဤနည်းစနစ်သည် ချေးငှားသည့် ဌာနများအတွက် ဘဏ္ဍာရေးအရင်းအမြစ် အသစ်များကို ဖြစ်ပေါ်စေပြီး ချေးငှားသူနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ငွေသားစီးဆင်းမှု လွယ်ကူချောမွေ့ရေးကို စီမံဆောင်ရွက်ပေးသည်။

ဤနည်းစနစ်သည် ပေါ်ထွန်းစဈေးကွက် (emerging market) များအတွင်းရှိ ကြွေးမြီအဆင့်အတန်း (rating) နည်းသော ကုမ္ပဏီများအတွက် ကြီးမားသည့်အခွင့်အလမ်းဖြစ်သည်။ ဤစနစ်သည် ဒေသတွင်း အဖွဲ့ အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ၊ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များကို ဖြစ်ပေါ်စေသည်။

စီကျူရီတိုက်ဇေးရှင်း ပြုလုပ်နိုင်သည့်အဖွဲ့များမှာ ဘဏ်များ၊ မော်တော်ယဉ်ဝယ်ယူ ရန် ဘဏ္ဍာငွေပံ့ပိုးသည့် ကုမ္ပဏီများ (Vehicle Financing Cos)၊ လက်လီဖြန့်ဖြူးရောင်းချသည့် အဖွဲ့များ (Retailers) နှင့် အခြားအဖွဲ့များ (Other Org)တို့ဖြစ်သည်။

စီကျူရီတိုက်ဇေးရှင်းပြုလုပ်သည့် နည်းလမ်းနှစ်မျိုးရှိသည်။ Asset-back Securities (ABS) Mortgage-back Securities တို့ဖြစ်သည်။

Asset-back Securities ဆိုသည်မှာ ငွေရေး ကြေးရေး အဖွဲ့ အစည်းတစ်ခုက ၎င်းထုတ်ချေးထားသည့် ချေးငွေအပေါ် ရရန်ပိုင်ခွင့်များကို စုစည်း၍ အခြားဘဏ်တစ်ခု၏ အာမခံစာ (LC)

**ထွန်းသက်ထွန်း**

သို့မဟုတ် အာမခံကော်ပိုရေးရှင်းတစ်ခု၏ အာမခံချက်ကို ရယူကာ မိမိကုမ္ပဏီ၏ အဆင့်အတန်းကို မြှင့်တင်သည်။ အဆိုပါ စုစည်းထားသည့် ရရန်ပိုင်ခွင့်များကို အထူးပြုကုမ္ပဏီ (Special Purpose Company, SPC) တစ်ခုကိုလွှဲအပ်ပြီး ယင်းကုမ္ပဏီက ငွေချေးသက်သေခံလက်မှတ်များကို ပြည်သူလူထုသို့ ထုတ်ဝေရောင်းချခြင်းဖြင့် ဘဏ္ဍာငွေကို စုစည်း ခြင်းဖြစ်သည်။

ကြွေးမြီအဆင့်မြှင့်မားမှု (Credit Enhancement)သည် အောက်ဖော်ပြပါ အကြောင်းတစ်ခုခုကြောင့် ဖြစ်ပေါ်စေသည်။

(က) ဘဏ်တစ်ခုခုမှ အာမခံချက်ဖြစ်သည့် Letter of Credit များ ပေးအပ်နိုင်မှု၊
(ခ) အရန်ငွေကြေးများ လုံလောက်စွာရှိမှု၊
(ဂ) စီကျူရီတိုက်ဇေးရှင်းပြုလုပ်မည့် ငွေကြေးပမာဏအတွက် ထားရှိသည့် အာမခံ Collateral ကို လိုအပ်သည်ထက် ပိုမိုထားရှိမှု၊
(ဃ) ထုတ်ဝေသည့် ငွေချေးစာချုပ်များကို Senior နှင့် Subordinate structure များဟူ၍ အချိုးကျကျ ခွဲခြမ်းထုတ်ဝေထားခြင်း စသည့်အချက်များဖြစ်သည်။

Mortgage-back Securities များမှာ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုက အပေါင်ပစ္စည်းများ လက်ခံကာ ထုတ်ချေးသည့် အိမ်ရာချေးငွေများ၊ ကူးသန်းရောင်းဝယ်ရေးချေးငွေများ အပေါ် အခြေခံကာ ထုတ်ဝေသော ငွေချေးသက်သေခံလက်မှတ်များ ဖြစ်သည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် US, UK, Japan, Australia အစရှိသည်တို့တွင် ပြည်သူတို့သည် မော်တော်ကား၊ အိမ် အစရှိသည်တို့ကို ငွေသားဖြင့် လက်ငင်းဝယ်ယူရန်မလိုဘဲ အရစ်ကျပေးသွင်းစနစ်ဖြင့်သာ ဝယ်ယူလေ့ရှိကြသည်။ ဘဏ် (သို့မဟုတ်) ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုသည် ၎င်း၏ ဘဏ္ဍာငွေစီးဆင်းမှု လွယ်ကူစေရေးနှင့် အဆင့် Rating မြှင့်တင်ရန်အလို့ငှာ ၎င်းတို့၏ အိမ်ရာချေးငွေများမှ အရစ်ကျ ပြန်လည်ရရှိမည့် ရရန်ပိုင်ခွင့်များကိုစုစည်းကာ ယင်းတို့ကို SPC တစ်ခုသို့ ရောင်းချလိုက်သည်။

အဆိုပါ SPC သည် စုစည်းထားသည့် အိမ်ရာချေးငွေ ရရန်ပိုင်ခွင့်များကို ကျောထောက်နောက်ခံပြုကာ ယင်းတို့ကို ငွေချေးစာချုပ်များအဖြစ် အများပြည်သူသို့ ထုတ်ဝေရောင်းချလိုက်သည်။ ယင်းသို့ပြု လုပ်လိုက်ခြင်းဖြင့် ဘဏ်အနေနှင့် ငွေသားစီးဆင်းမှု လွယ်ကူသွားစေပြီး နောက်ထပ်ဘဏ္ဍာငွေ ဖြည့်တင်းရန် အခွင့်အလမ်းတစ်ခု ရရှိသွားစေသည်။

စီကျူရီတိုက်ဇေးရှင်းစနစ်မှာမူ ရှေးရိုးဘဏ္ဍာရေးစနစ်နှင့် မတူဘဲ ကွဲပြားခြားနားပါသည်။၎င်း၏စနစ်များမှာ -

(က) ဘဏ်တစ်ခုသည်ချေးငွေကို စတင်သည်။
(ခ) ယင်းဘဏ်သည် အဆိုပါချေးငွေနှင့် သက်ဆိုင်သည့် ရရန်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံမှုဘဏ် (Investment Bank) တစ်ခုသို့ ရောင်းချလိုက်သည်။ (Investment Bank ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူနှင့် ကုမ္ပဏီကြားတွင် ကာလရှည်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အထူးပြုတည်ထောင်ထားသည့် ဘဏ်များဖြစ်သည်။)
(ဂ) အဆိုပါရင်းနှီးမြှုပ်နှံမှုဘဏ်သည် ကြွေးမြီအဆင့်အတန်း မြှင့်မားမှု (Credit Enhancement) ကို ဖြစ်စေသည်။
(ဃ) အဆိုပါ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် ချေးငွေကောက်ခံရန်အတွက် အထူးပြုကုမ္ပဏီ (SPC)တစ်ခုသို့ လုပ်ငန်းများ အပ်နှံသည်။
(င) ရင်းနှီးမြှုပ်နှံမှုဘဏ်မှ ငွေချေးသက်သေခံလက်မှတ် (စတော့များ၊ ငွေချေးစာချုပ်များ) ကို အများပြည်သူသို့ ရောင်းချသည်။

စီကျူရီတိုက်ဇေးရှင်း လုပ်ခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေပသည်။

Issuer များ၏ အကျိုးကျေးဇူးများ

၁။ ရင်းနှီးငွေကို ထိရောက်စွာ အသုံးချနိုင်သည်။
၂။ Portfolio ကို လျင်မြန်သောနှုန်းဖြင့် မြင့်တက်စေသည်။ ချေးငွေများ ပိုမိုချေးငှားနိုင်သည်။
၃။ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေသည်။ ငွေဖြစ်လွယ်မှု ပိုမို လွယ်ကူစေသည်။
၄။ ဘဏ္ဍာရေးစွမ်းဆောင်မှု ပိုမိုမြင့်တက်စေသည်။
၅။ ငွေကြေးအရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာနိုင်သည်။
၆။ ရင်းနှီးငွေကို စရိတ်စက သက်သာစွာရရှိစေသည်။

Investor များ၏အကျိုးကျေးဇူးများ

၁။ ချေးငွေအမျိုးစုံကို ကျောထောက်နောက်ခံပြုထား၍ လည်းကောင်း၊ ကြွေးမြီအဆင့်အတန်းမြှင့်မားမှု (Credit Enhancement)ရရှိ၍ လည်းကောင်း ဆုံးရှုံးနိုင်မှုအန္တရာယ် လျော့နည်းသွားစေသည်။
၂။ စီကျူရီတိုက်ဇေးရှင်းသည် ငွေဖြစ်မလွယ်သော ချေးငွေ (Illiquid Loan) များကို ငွေဖြစ်လွယ်သည့် ငွေချေးသက်သေခံလက်မှတ်များအဖြစ်သို့ ပြောင်းလဲလိုက်သဖြင့် ဆုံးရှုံးနိုင်မှုအန္တရာယ် လျော့နည်းသွားစေသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအဖို့ အခွင့်အလမ်းများ ကျယ်ပြန့်စွာ ရရှိစေသည်။

**Reference: Investment Guide Book**

> **စီကျူရီတိုက်ဇေးရှင်းဆိုသည်မှာ ဘဏ်တစ်ခု၏ ချေးငွေများနှင့် ရရန်ပိုင်ခွင့် (Assets) များကို ဈေးကွက်ဝင် ငွေချေးသက်သေခံလက်မှတ်များအဖြစ် ပြောင်းလဲပြီး ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချခြင်းဖြစ်သည်။ နောက်လုပ်ငန်းတစ်ခုမှာ ကြွေးမြီ စာချုပ်စာတမ်းများ (Debt Instruments) များကို စုစည်းကာ ဆုံးရှုံးနိုင်ခြေ (Risk) များကို ဖြန့်ကြက်၍ ယင်းစုစည်းထားသည့်အစု(pool)ကို ငွေချေးသက်သေခံလက်မှတ် (Securities) များအဖြစ်ထုတ်ဝေကာ ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချခြင်းဖြစ်သည်။**


Meizan
ဆီ ၊ ဆန် ၊ ဂျုံ ၊ သကြား
wilmar
MYANMAR
Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666


ရွှေကြယ်ပွင့် ဆီစက်
မြေပဲဆီစစ်စစ် ၁၀၀%
Export Quality
အသားတင်အလေးချိန်
၉ ပိသာ
9 Liter
FDA ထောက်ခံချက်အမှတ်
MM23M02 00029
ထွန်း
ထုတ်လုပ်ရက်
ကုန်ဆုံးရက်
မြေပဲဆီသန့်
ကျင်ဝှက်ကြာင်စက်ဝင်း၊ မူရာပင်ရပ်၊ ပြည်မြို့။ ဖုန်း ၀၅၃-၂၇၀၅၆၊ ၂၇၂၅၅၊ ၀၉-၅၃၁၀၉၃၆
အမှတ် (၁၀)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၉၆၂၊ ၂၂၆၇၄၉၊ ၀၉-၂၅၆၀၃၇၂၆၆
ကြော်ချက်သုတ်ရာတွင်သုံးနိုင်သည်။ နေရောင်၊ အပူနှင့်ဝေးပြီး အေး၍ခြောက်သွေ့သော နေရာတွင်ထားပါ။ ဆီကိုတတ်နိုင်သလောက်လျှော့စားပါ။


OUR BRAND
DIAMOND
VEGETABLE COOKING OIL
Manufactured by
Global Good Pure Group Co., Ltd
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
GLOBAL
KAUNG THANT
Vegetable Cooking Oil
Manufactured by
Global Good Pure Group Co., Ltd
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
Manufactured by
Global Good Pure Group Co., Ltd
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.
VEGETABLE
COOKING OIL
Manufactured by
Global Good Pure Group Co., Ltd
HALAL
MYANMAR
HCC 05460
Distributed by :
Global Good Pure Group Co., Ltd
No.(155/156), Yo Gi Chaung Pak Street, Bayintnaung,
Mayangone Township, Yangon, Myanmar.

# အမေရိကန်တွင် တည်ဆောက်မည့် အီးဗွီစက်ရုံကို ဗီယက်နမ်ရွှေ့ဆိုင်း

ဗီယက်နမ်နိုင်ငံ အနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် တည်ဆောက်မည့် အီးဗွီ မော်တော်ကားစက်ရုံကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း မေ ၃၁ ရက်က ရိုက်တာသတင်းတစ်ရပ်၏ ရေးသားဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံမှ အီးဗွီကုမ္ပဏီတစ်ခုဖြစ်သည့် VinFast သည် အမေရိကန်မှ သုံးစွဲသူများကို ဆွဲဆောင်ရန် အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း၊ မော်တော်ကား ထုတ်လုပ်ရာတွင် ငွေကြေးအမြတ်အစွန်း နည်းပါးနေခြင်းကြောင့် မြောက်ကာရိုလိုင်းနားပြည်နယ်တွင်တည်ဆောက်မည့် အမေရိကန်ဒေါ်လာ လေးဘီလီယံတန် စက်ရုံကို ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ် အီးဗွီကုမ္ပဏီ VinFast သည် အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ် အီးဗွီမော်တော်ကား တစ်သိန်းခွဲအထိ ထုတ်လုပ်နိုင်သည့် အီးဗွီနှင့် ဘက်ထရီစက်ရုံကို သမ္မတ ဂျိုးဘိုင်ဒင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်နေရာပေါင်း ၇၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။




VinFast အီးဗွီ မော်တော်ကားစက်ရုံကို ယခု ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အပြီးတည်ဆောက်ရန် လျာထားလျက်ရှိပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဟု မူလက မျှော်မှန်းထားခြင်းဖြစ်သည်။ သို့သော် လက်ရှိအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် VinFast အီးဗွီ မော်တော်ကားစက်ရုံကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

VinFast အီးဗွီကုမ္ပဏီသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မြောက်အမေရိကား၌ ကားအစီးရေ ၁၀၀၀ ခန့်သာ ရောင်းထွက်နိုင်ခဲ့သည်ဟု ဆိုသည်။ ထို့ပြင် VinFast အီးဗွီကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုတွင် မော်တော်ကား Showroom ငှားရမ်းခများ ငွေအကျေ မပေးဆောင်နိုင်သည့်အတွက် ကုမ္ပဏီမှာ တရားစွဲဆိုမှု ခံနေရကြောင်း သိရသည်။ ထို့ပြင် ပြီးခဲ့သည့် ဧပြီလက ကယ်လီဖိုးနီးယားပြည်နယ်တွင် VinFast VF 8 ကား ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လူလေးဦး သေဆုံးခဲ့ရသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ရင်ဆိုင်နေရကြောင်းနှင့် VinFast VF 8 တွင် အသုံးပြုထားသည့် အလူမီနီယမ်မှာ Arcelor Mittal မူပိုင်ခွင့်ကို ချိုးဖောက်ထားသည့်အမှုလည်း ပါဝင်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံထုတ် မော်တော်ကားများသည် ကမ္ဘာ့မော်တော်ကားဈေးကွက်တွင် ကားအစီးရေ ၃၅၀၀၀ အောက်သာ ရောင်းချခဲ့ရပြီး နိုင်ငံမြောက်ပိုင်းတွင် နှစ်စဉ် ကားအစီးရေ သုံးသိန်းထုတ်လုပ်နိုင်သည့် ကိုယ်ပိုင်ကားစက်ရုံကို ပိုင်ဆိုင်ထားသည်။

ဗီယက်နမ်နိုင်ငံထုတ် မော်တော်ကားအများစုကို ပြည်တွင်း၌သာ ရောင်းချနေခြင်းဖြစ်ကာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံအထိ အရှုံးပေါ်ခဲ့သည်ဟု သိရသည်။

**Source; Reuters**

# ထိုင်းနိုင်ငံ အစိုးရက ငါးနှစ် သက်တမ်းတိုးခွင့်ရှိသည့် ဗီဇာအမျိုးအစားသစ် ထုတ်ပြန်

ထိုင်းနိုင်ငံတွင် ငါးနှစ် သက်တမ်းတိုးခွင့်ရှိသည့် ဗီဇာအမျိုးအစားသစ်တစ်ခုကို အစိုးရက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ရေးသားဖော်ပြထားသည်။

အာရှတွင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ထိုင်းနိုင်ငံ၌ ခြောက်လမှ ငါးနှစ်အထိ သက်တမ်းတိုးနေထိုင်နိုင်မည့် Destination Visa (DTV) ကို ဇွန် ၁ ရက်တွင် တရားဝင်စတင်မည်ဖြစ်ကြောင်း ထိုင်းအစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ Destination Visa (DTV) ဗီဇာအမျိုးအစားကို ပြည်ပနိုင်ငံများမှ လာရောက်ကာ ဒီဂျစ်တယ်ပညာရှင်များ၊ ထိုင်း ဟင်းချက်နည်းသင်တန်း၊ ထိုင်း မွေထိုင်းသင်တန်းအပါအဝင် အခြားအားကစားနည်းသင်တန်းများ တက်ရောက်လိုသူများ၊ ဆေးကုသလိုသူများ၊ နိုင်ငံတော်အဆင့်အစည်းအဝေးများသို့ တက်ရောက်လာသူများ၊ အခြားအလုပ် လုပ်ကိုင်သူများအပါအဝင် ပညာရှင်အဆင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများလည်း လျှောက်ထားနိုင်မည်ဟု ထိုင်းနိုင်ငံအစိုးရ ပြောရေးဆိုခွင့်ရှိသူ Chai Wacharonke က ပြောကြားခဲ့သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ထိုင်းနိုင်ငံအစိုးရက အသစ်ခွင့်ပြုလိုက်သည့် Destination Visa (DTV) လျှောက်ထားရန်အတွက် လျှောက်ထားသူသည် အသက်(၂၀)ပြည့်ပြီး ထိုင်းဘတ်ငွေ ငါးသိန်းနှင့်ညီမျှသည့် ငွေကြေးကိုပြသနိုင်ရန် လိုအပ်သည်ဟု ဆိုသည်။



Destination Visa (DTV) ဗီဇာ လျှောက်ထားသည့်ကြေးမှာ ထိုင်းဘတ်တစ်သောင်းဖြစ်ပြီး တစ်ကြိမ်ကို ခြောက်လအထိ သက်တမ်းတိုး နေထိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ ယခင်ကမူ ဗီဇာတစ်ကြိမ်ကို ရက် ၃၀ သက်တမ်းတိုးခွင့် နှစ်ကြိမ်သာ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source; Bangkok Post**



# Apple Store ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဖွင့်လှစ်မည်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပထမဆုံးသော Apple Store ကို ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း Channel News Asia ၏ မေ ၃၁ ရက်တွင် ရေးသားဖော်ပြချက်အရ သိရသည်။

ကွာလာလမ်ပူမြို့တွင် ပထမဆုံးဖွင့်လှစ်မည့် အဆိုပါ Apple Store ကို ယခုနှစ် ဇွန် ၂၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ မလေးရှားနိုင်ငံ၏ ပထမဦးဆုံးသော Apple Store ဖြစ်ကြောင်းနှင့် ၎င်းကို ကွာလာလမ်ပူမြို့ရှိ Exchane TRX ကုန်တိုက်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သတင်းကို Apple ကုမ္ပဏီက ၎င်းတို့၏ ဝက်ဘ်ဆိုက်၌ မေ ၂၉ ရက်တွင် တရားဝင် ကြေညာထားသည်ဟု Channel News Asia က ဆက်လက်ရေးသားဖော်ပြထားသည်။

မလေးရှားနိုင်ငံတွင် မိမိတို့၏ ပထမဦးဆုံးသော Apple Store ကို ဖွင့်လှစ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ဆိုင်လိပ်စာနှင့် ဖွင့်လှစ်မည့်ရက်ကို Opening 22 June ဟု အတိအကျ ရေးသားထားကြောင်း၊ အဆိုပါ Apple Store ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကတည်းကပင် ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခဲ့ခြင်းဖြစ်ကြောင်း Apple က ၎င်းတို့၏ ဝက်ဘ်ဆိုဒ်ပေါ်တွင် ရေးသားထားခြင်းဖြစ်သည်။

Exchange TRX ကုန်တိုက်၏ အထွေထွေမန်နေဂျာဖြစ်သူ Trevor Hill က ၎င်း၏ LinkedIn စာမျက်နှာပေါ်တွင် Apple Store ၏ ပုံတွေကို ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း Channel News Asia က ဆက်လက် ဖော်ပြထားသည်။

**Source; Channel News Asia**

စိုင်းဗညား - စုစည်းသည်